# ထန်းတပင်ကျေးရွာ

# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်းတပင်ကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ထန်းတပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ **ရေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၉

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေ ကောင်းများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့် ရင်ဆိုင်ကျော် လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၃

**ကိုးကားစာရင်း** **၇၄**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့်

နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထန်းတပင်ကျေးရွာ
မိုးညှင်းမြို့နယ်

ထန်းတပင်        ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင် ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်မိုးညှင်းမြို့၏မြောက်ဘက်တွင်တည်ရှိပြီးရွာ၏အရှေ့ဘက်တွင်တောင်တန်း၊အနောက်ဘက်တွင်နန့်ရင်းချောင်း၊တောင်ဘက်တွင်မြို့ရောင်လမ်းနှင့်မိုးညှင်းဒီဂရီကောလိပ်၊မြောက်ဘက်တွင်နန့်ရင်းချောင်းနှင့်လယ်ကွင်းများတည်ရှိကြပါသည်။အုပ်ချုပ်ရေးရုံးစိုက်ရာမိုးညှင်းမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီးအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာရာသီချိန်မိုးတွင်းကာလတွင်စပါးစိုက်ပျိုးကြပြီးလယ်သိမ်းပြီးချိန်တွင်ကြုံရာကျဘမ်းအလုပ်များကိုသာလုပ်ကိုင်စားသောက်ကြပါသည်။ကျေးရွာ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၈၀ လက်မမှ ၁၀၀ လက်မကြားဝန်းကျင်တွင်ရှိပြီးလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာ၏ပတ်ဝန်းကျင်တွင်တောတောင်၊ချောင်းငယ်များရှိပြီးမြေပြင်အနေအထားမှာမြေပြန့်ဖြစ်သည်။လယ်မြေများသည်စပါးစိုက်ပျိုးရန်အတွက်မိုးတွင်းကာလတချိန်တည်းကိုသာလုပ်ကိုင်ကြသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်သယံဇာတမထွက်ရှိပါ။တောင်သူအချို့မှာသုံးဆည်ရေမှဆည်ရေဖြင့်လယ်မြေဧက(၁၀၀)ခန့်စိုက်ပျိုးနိုင်ကြသည်။မြေအောက်ရေအသုံးပြုမှုနည်းပါးသည်။လယ်ဆည်ရေမလုံလောက်သူများလည်းရှိပါသည်။ရေမြောင်းတိမ်ကောခြင်းဖြစ်ပါသည်။လယ်ယာထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၁၇၀.၅၄)ရှိပြီးမိုးရာသီချိန်စပါးတမျိုးတည်းကိုသာစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၃၆)စုနှင့်ကျား(၃၀၃)၊ မ(၃၆၅)ဦးဖြင့် လူဦးရေပေါင်း(၆၆၈)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄.၅)ဦးနှုန်းဖြင့် နိုင်ငံတော်၏တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၅)ဦး

ထက်လျော့နည်းသည်။ကျေးရွာတွင်ရှမ်း၊ဗမာလူမျိုးများနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောလူဦးရေအရွယ်သည်လူဦးရေပေါင်း၏(၇၅%)ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတရပ်ဖြစ်ကာလူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်ပါသည်။အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်(၅.၄%)မျှပိုပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းလျက်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၁%)ခန့်သည် အဆင်ပြေသောအိမ်ထောင်စု၊(၃) %သည် အလယ်အလတ်အိမ်ထောင်စုဖြစ်ပြီး (၈၃)%သည်ဆင်းရဲသောအိမ်ထောင်စုနှင့် (၄၈)%မှာ အလွန်ဆင်းရဲသောအိမ်ထောင်စုများ ဟုသတ်မှတ်ပါသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်မှု၊ အခြားသီးနှံများစိုက်ပျိုးနိုင်မှုတို့ကြောင့်ကျေးရွာစီးပွားအနေအထားမှာအသင့်အတင့်ကောင်းမွန်သည်ဟုပြောနိုင်ပါသည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်းလက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်၊ကုန်ရောင်းကုန်ဝယ်စသောအသေးစားအိမ်တွင်းမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်ကြသည်။ငွေချေးသောအိမ်ထောင်စုအချို့နှင့်အစိုးရဝန်ထမ်းအချို့လည်းအတန်အသင့်အဆင်ပြေကြသည်။

ကျေးရွာတွင်ဆင်းရဲအဆင့်သည်အများဆုံးဖြစ်ပြီးမြေယာအနည်းငယ်သာပိုင်ဆိုင်သောလယ်သမားများ၊လက်လုပ်လက်စားများ၊လက်သမားပန်းရံနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မြင့်မားပြီး(၇၅)%ထိရှိကာဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်အိမ်ထောင်စုများဖြစ်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်သမားပန်းရံလုပ်ငန်း၊ဆန်ကြိတ်စက်လုပ်ငန်း၊ငါးဖမ်းလုပ်ငန်း၊ကြုံရာကျပမ်းလုပ်ငန်းများရှာဖွေလုပ်ကိုင်ကြပါသည်။ကျေးရွာ၏ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများမှာမှ(၃၀%)ဖြစ်သောအိမ်ထောင်စု(၄၀)ကိုလေ့လာဆန်းစစ်ချက်အရငင်းတို့၏မြေမှာအစိုးရဘဏ်မှချေးငှားပြီးလယ်ယာစိုက်ပျိုးရေးနှင့်ငင်းတို့၏ဝမ်းစာဖူလုံရန်အတွက် လုပ်ဆောင်နေကြကြောင်းတွေ့ရသည်။အကြွေးတင်ရှိမှုတွင်တွေ့ရှိခဲ့သောအချို့အိမ်ထောင်စုများမှအကြွေးတင်ရှိမှုပမာဏ(၅၀၀၀)ကျပ်မှ(၂၅၀၀၀၀၀)ကျပ်ထိအကြွေးတင်ရှိနေကြကြောင်းလေ့လာတွေ့ရှိရပါသည်။အိမ်ထောင်စုအားလုံး၏(၄)%ခန့်သည်အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများဖြစ်ကြပြီးထိုအိမ်ထောင်စုများမှာဆင်းရဲကာမိသားစုဦးရေများကြသည်။အလားတူ အိမ်ထောင်ဦးစီးမှာပြင်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြသောအိမ်ထောင်စု(၉)စုနှင့်မုဆိုးဖို၊တခုလပ်ဦးဆောင်သည့်အိမ်ထောင်စု(၅)စုသည်ဆင်းရဲသည့်ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာမသန်စွမ်း(၆)ဦးနှင့်မိသားစုစောင့်ရှောက်မှုများဖြစ်ပြီးသက်ကြီးရွယ်အို(၂)ဦးတို့ဖြစ်ကြသည်။ရွာပြင်ပသို့သွားရောက်ပြီးဝင်ငွေရရှိေရးအတွက်အလုပ်သွားရောက်လုပ်ကိုင်ကြသည့်လူငယ်လူရွယ်များသည်အရက်နှင့်မူးယစ်ဆေးဝါးကိုသုံးစွဲသူများပြားလာကြသည်။ကျေးရွာရွာအဝင်လမ်းမှာမြို့ရှောင်လမ်းမကြီးကိုဖြတ်၍ဝင်ရသည့်အတွက်ယခုနှစ်ပိုင်းများတွင်ယာဉ်မတော်တဆမှုများမကြာခဏဖြစ်ပွားခဲ့ပြီးကျေးရွာသားအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုမှာလည်းကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာကလေး-လူကြီးများတွင်တခါတရံဖြစ်ပွားလေ့ရှိသည်။အမျိုးသမီး၊လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်းတစ်ကိုယ်ရည်သန့်ရှင်းမှုရှိကြပြီးကျန်းမာရေးအသိအမြင်၌မူအားနည်းကြသည်။ ကျေးရွာတွင်ဆေးပေးခန်းမရှိပါ။မြို့နယ်ဆေးရုံမှာကျေးရွာနှင့် (၃)မိုင်ခန့်သာကွာဝေးပြီးကားလမ်းဖြင့်အလွယ်တကူသွားလာနိုင်သည်။မြို့နယ်ဆေးရုံ၊ဆေးခန်း၊ဆေးဆိုင်များနှင့်လည်းလက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ ရေတွင်းများမှမြေအောက်ရေကိုအလွယ်တကူရနိုင် ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများမကြာခဏဖြစ်ပွားလေ့ရှိကြသည်။တိုက်ဖွိုက်၊အစာအိမ်ရောင်စသောရောဂါများဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျန်းမာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည်ရေးတတ်ဖတ်ရုံသာရှိပြီး ဘွဲ့ရအရေအတွက်မှာအနည်းအကျဉ်းသာရှိသည်။ ကျေးရွာ၏အခြေခံပညာရေးကိုရွာထဲရှိမူလတန်းကျောင်းတွင်သင်ကြားနိုင်ပြီး အလယ်တန်းအထက်တန်းကိုမြို့ပေါ်ရှိကျောင်းများတွင်တက်ရောက်သင်ကြားကြရသည်။အသက်မွေးဝမ်းကျောင်းပညာရပ်များမှာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်ပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံသော ကိစ္စမတွေ့ရပါ။

ကျေးရွာ၏အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိကြသည်ဟုယေဘူယျအားဖြင့်ပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင်မူလတန်းအဆင့်၌မိန်းကလေးအရေအတွက်သည်ယောကျ်ားလေးအရေအတွက်

ထက်နည်းနေသော်လည်းအလယ်တန်းနှင့်အထက်တန်းများတွင်ယောကျ်ားလေးထက်မိန်းက လေးအရေအတွက်ကများနေကြောင်းတွေ့ရှိရ၍အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာအ ခွင့်အရေးမှာအမျိုးသားများထက်ပိုများကြောင်းတွေ့ရှိရသည်။

ကျေးရွာ၏နေ့တွက်လုပ်အားခငွေမှာအမျိုးသားများကပိုမိုရကြသည်။ဥ ပမာအားဖြင့်လုပ် အားသဘာဝနှင့်အင်အားစိုက်ထုတ်ရတာခြင်းတူညီသော်လည်းအမျိုးသမီးများ၏လုပ်အားခမှာအမျိုး သားများထက်လျော့နည်းကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူအမျိုးသမီးပါဝင်မှုတို့မှာအ လွန်လျော့နည်းကြသည်။ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများမြင့်တင် ဆောင်ရွက်ပေးခြင်းဖြင့်ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါ သည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၅) ဖွဲ့၊ဘာသာရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့နှင့်အ ပျိုလူပျိုဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိသည်။ယင်းအဖွဲ့များအနက်ပြင်ပမှဖွဲ့စည်းပေးထားသောလူမှုရေးဆိုင်ရာ အဖွဲ့ဖြစ်သည့်အမျိုးသမီးရေးရာအဖွဲ့မှာလှုပ်ရှားမှုအားနည်းသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများ မှာတစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်ရာတွင်အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပါတ် သက်၍အားနည်းကြပြီးအဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုး ရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးကိုအဓိကထားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၁၇၀.၅၄)ရှိပြီးသီးထပ်သီး ညှပ်မ စိုက်ပါ။မိုးစပါးပျှမ်းမျှအထွက်နှုန်းမှာတစ်ဧကလျှင်(၈၀)တင်းသာထွက်ရှိပါသည်။တောလယ် များ၌မူတစ်ဧကလျှင်(၆၀)တင်းမျှထွက်ရှိပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှု များ ရရှိနိုင်သော်လည်းချိတ်ဆက်မှုအားနည်းသည်။တောင်သူလယ်သမားအများစုသည်လယ်ယာလုပ်ငန်း ချိန်အတွက်အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီးလုပ်အားခပိုပေးမှသာအလုပ်သ မားများကိုငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်ပိုမိုမြင့်မားပါသည်။အချို့တောင်သူများမှာစိုက်ပျိုး ကုန်ကျစရိတ်များသောကြောင့်လယ်ယာစပါးစိုက်ပျိုးရန်အတွက်အခက်တွေ့နေကြသည်။စပါးစိုက် တောင်သူများသည်တစ်ခါတစ်ရံတွင်မိုးရွာသွန်းမှုနှင့်ဆည်ရေရရှိမှုမညီမျှမှုများနှင့်ရင်ဆိုင်ရသည်။

ကျေးရွာတွင်ဝက်မွေ◌ွးမြူရေးလုပ်ငန်းကိုအိမ်ထောင်စုအနည်းအကျဉ်းသာလုပ်ကိုင်ကြပြီး ဒေသဝက်များကိုသာမွေးမြူကြသည်။အိမ်ကြက်များကိုသာမွေးမြူကြသည်။ကျွဲ၊နွားတို့ကိုလည်းတ ပိုင်တနိုင်မွေးမြူကြသည်။စားကျက်မြေမရှိသောကြောင့်လည်းအခက်အခဲနှင့်ကြုံတွေ့နေရသည်။ ကျေးရွာတွင်ငါးမွေးမြူရေးလုပ်ငန်းအတွက်နေရာအဆင်မပြေသောကြောင့်ငါးမွေးမြူရေးလုပ်ငန်းမ

ရှိပေ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိပေ။ အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားလုပ်သား၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်းချခြင်းတို့ဖြစ်သည်။အစိုးရဝန်ထမ်းအချို့လည်းရှိသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက်လုပ်ကိုင်ကြပြီးတွက်ချေကိုက်မှုအသင့်အတင့်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်ရှိပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းများကြောင့်တွက်ချေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သူအရွယ်များပြားပြီးငှင်းအခြေအနေမှာကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းမအျားရှိကြသည်။အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ဆံသနှင့်အလှပြင်၊မုန့်လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့စသည်တို့သည်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ကြသော်လည်းရွာသားအများစုသည်ထိုသင်တန်းများနှင့်ထိတွေ့မှုနည်းပါးကြသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

**ကျေးရွာတွင်လူ့အသုံးအဆောင်ပစ္စည်းများစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြင့်တင်ဆောင်ရွက်ပေးသင့်သည်။**

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

**ကျေးရွာမှတောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေကို(၁)နှစ်လျင်အတိုးနှုန်း(၇.၅)ကျပ်ဖြင့်(၁)ဧကလျင်(၁၅၀၀၀၀)ကျပ်ဖြင့်အများဆုံး(၁၀)ဧကအတွက်ချေးယူနိုင်ကြသည်။ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးပါ။ ရွာသားအများစုသည်ချေးငွေကိုအကြောင်းအမျိုးမျိုး(ရိက္ခာ၊ပညာရေး၊ကျန်းမာရေး)တို့အတွက်အထူးသဖြင့်ရိက္ခာအတွက်ချေးယူကြပြီးချေးငွေလိုအပ်ချက်များကြောင်းတွေ့ရပါသည်။ကေးရွာ၏အကြွေးတင်ရှိမှုအနေအထားကိုလေ့လာဆန်းစစ်ချက်အရဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည်အကြွေးတင်ရှိနေကြပြီးအကြွေးငွေ(၅၀၀၀)ကျပ်မှ(၂၅၀၀၀၀၀)ကျပ်ထိ တင်ရှိနေကြသည်ကိုလေ့လာတွေ့ရှိရပါသည်။**

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းဆောင်မှာအလျား(၁၀၂)ပေ၊အနံ(၁၂)ပေ အတိုင်းအတာရှိအခန်း(၂)ခန်း၊(၈.၅)ပေခန်း(၉)ခန်းအရွယ်ရှိသွပ်မိုး၊အုတ်နံကပ်နှင့် သမံတလင်းခင်းထားသောကျောင်း

ဆောင်တွင်သင်ကြားပေးပါသည်။ရွာသားအားလုံးမှာရေးတတ်ဖတ်တတ်ကြပြီးလူဦးရေအားလုံး၏ (၁%) မှာဘွဲ့ကြီးကျောင်းပညာရေးကိုရရှိထားကြသည်။မူလတန်းအောင်ရာခိုင်နှုန်းလည်းမြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည်ကျေးရွာရှိမူလတန်းအရွယ်နှင့်အလယ်တန်းအရွယ်ရှိအရေအတွက်ထက်ပိုနေကြောင်းတွေ့ရသည်။ကျောင်းတွင်ပရိဘောဂလုံလောက်မှုမရှိပါ။ မူလတန်းပြဆရာမ(၆)ဦးရှိပါသည်။ကျောင်းတွင်ပညာသင်ကြားနေသောကျောင်းသားအချို့မှာအသင့်အတင့်ရှိပါသည်။ကျောင်းဆရာမလုံလောက်မှုရှိပါသည်။လွန်ခဲ့သောကျောင်းဖွင့်ရာသီချိန်ကမူလတန်းကျောင်းသားများအတွက်ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကိုအခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ကျန်းမာရေးနှင့်ပါတ်သက်၍ဝန်ဆောင်မှုများအားလက်လှမ်းမီမှုရှိပါသည်။

သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့်မော်တာသုံးတုံကင်များတပ်ဆင်သုံးစွဲကြသောကြောင့်ရေလုံလောက်မှုရှိပါသည်။ကျေးရွာရှိအိမ်ထောင်စုများသည်ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့်ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါများဖြစ်ပွားမှုနည်းပါးသည်။စာသင်ကျောင်းအိမ်သာမှာလည်းယင်လုံအိမ်သာ(၃)လုံးဆောက်လုပ်ထားပြီးကျောင်းသား၊ကျောင်းသူများအတွက်အသုံးပြုရန်လွယ်ကူသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။လူငယ်များသည်ကျေးရွာ၏သာရေး၊နာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးပွဲတော်များတွင်လည်းပါဝင်ဆင်နွှဲကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများသီးသန့်ဖော်ဆောင်ထားခြင်းမရှိသေးပါ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်းရှိလမ်းများမှာမြေသားလမ်းဖြစ်ပြီး ထော်လာဂျီများအများဆုံးအသုံးပြုသွားလာကြသည်။ရေလမ်းခရီးမရှိပါ။ ဆက်သွယ်သွားလာရေးအတွက်မော်တော်ဆိုင်ကယ်(၁၆၉)စီး၊စက်ဘီး(၁၉၅)စီး၊တုံဖုန်းကား(၄)စီး၊အိမ်စီးကား(၁)စီးတို့ကိုအသုံးပြုလျက်ရှိသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍သွယ်တန်းထားရှိပြီးကျေးရွာရှိအိမ်ထောင်စုအားလုံး၏(၇၄% )ခန့်သွယ်တန်းအသုံးပြုလျက်ရှိပါသည်။ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုအသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်စာကြည့်တိုက်မရှိပါ။သတင်းစာ၊ဂျာနယ်များဝယ်ယူဖတ်ရှုနိုင်ကြပြီးတစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာအတန်အသင့်ကောင်းမွန်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပြီး တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။သို့သော်ရွာသားများသည်မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီးလိုအပ်သောသတင်းအချက်အလက်များအတွက်လိုအပ်သလိုဆက်သွယ်အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာသည်ရဲစခန်းနှင့်အလွယ်တကူချိတ်ဆက်နိုင်ပြီးကျေးရွာတွင်းရာဇဝတ်ဖြစ်ပွားမှုနည်းပါးသည်။

## ၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသုံးစွဲမှု ကိုလျော့ချစေပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ခြင်းတွင်အထောက်အပံ့ရရှိ၍ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

အလုပ်လုပ်နိုင်သောလူဦးရေမှာစုစုပေါင်းလူဦးရေ၏၇၅ရာခိုင်နှုန်းရှိသည်။ဘွဲ့ရအရေအတွက်အနည်းငယ်ရှိပါသည်။လူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့်လူသားအရင်းအမြစ်များကိုတိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘူယျအားဖြင့်ကောင်းမွန်ပြီးကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုပစ္စည်းများကိုလည်းလက်လှမ်းမီပါသည်။ ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသမှုအတွက်လည်းကျေးရွာနှင့်တဆက်တည်းရှိသော မိုးညှင်းမြို့နယ်ဆေးရုံသို့သွားရောက်ကုသနိုင်ကြသည်။ကျေးရွာ၏စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအတွက်ကောင်းသောအနေအထားတွင်ရှိကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီလွှာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများသည်လယ်ယာထွက်ကုန်များကို ဈေးကွက်အတွင်းသို့ အလွယ်တကူပို့ဆောင်နိုင်ကြသည်။မိုးရွာသွန်းမှုမှာစပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန်အထောက်အပံ့ဖြစ်စေသည်။ကျေးရွာတွင်နွေစပါးစိုက်ပျိုးခြင်းမရှိပါ။ ထန်းတပင်ကျေးရွာမှမိုးညှင်းမြို့သို့အလွယ်တကူကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်ကျေးရွာထွက်ကုန်များကိုအချိန်မီတင်ပို့ရောင်းချနိုင်ကြသည်။

ကျေးရွာတွင်မွေးမြူရေးထွက်ကုန်များရောင်းချရန်ဈေးကွက်ကောင်းရှိသဖြင့်ကြက်၊ဝက်နှင့်နွားများကိုတိုးချဲ့မွေးမြူရန်အခွင့်အလမ်းရှိပါသည်။မွေး/ကုဦးစီးဌာနမှနည်းပညာများပံ့ပိုးပေးရန်လိုအပ်ပါသည်။ ကျေးရွာတွင်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင်ဖုန်းဆက်သွယ်ရေးနှင့်အင်တာနက်အသုံးပြုသူများအသင့်အတင့်ရှိပြီးအခြားသတင်းအချက်အလက်များတွင်လည်းချိတ်ဆက်အသုံးပြုနိုင်ကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာတွင် လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ကြသည်မှအပအခြားသယံဇာတများမထွက်ရှိပေ။ လယ်မြေများထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားများမှာထွက်နှုန်းတိုးမြင့်အောင်သာ အားစိုက်ရပေသည်။ သုံးဆယ်ရေမှရေသွင်းစိုက်ပျိုးနိုင်သော်လည်းနောင်တွင်ရေသွယ်မြောင်းပြုပြင်ပြီးရေသွင်းစိုက်ပျိုးနိုင်သည့်စပါးစိုက်ဧကများအထွက်တိုးလာနိုင်စေရန်ဆောင်ရွက်ပေးသင့်ပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်သော်လည်းဖျက်ပိုးနှိမ်နင်းရေးအတွက်ထိရောက်စွာကွင်းဆင်းလေ့လာပြီးအကောင်အထည်ဖော်ပေးသည့်အစီအစဉ်မရှိသေးပါ။တောင်သူမျ,းအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးအထောက်အပံ့များရရှိရန်လိုအပ်ပါသည်။ကျေးရွာတွင်ငွေတိုးချေးစားသူများရှိသော်လည်းအတိုးနှုန်းမှာ မြင့်မားသည်။ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်မရှိပဲချေးငွေလိုအပ်သောအိမ်ထောင်စုများမှာစီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များပြည့်စွက်ရာတွင်အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့်ပုံမှန်ဝင်ငွေရရှိရေးအတွက်အကန့်အသတ်ရှိနေပါသည်။အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းများအတွက်ကုန်ကြမ်း၊အသိပညာ၊အတတ်ပညာတို့ထိတွေ့မှုအားနည်းနေပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်မှု ရရှိစေမည်။

က.၂)**အကောင်အထည်ဖော်နည်းဗျူ**.၂)ကျွန်ုပ်တို့ကျေးရွာလူထုသည်စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်-

ခ-၁) ကျေးရွာတွင်ရင်းနှီးငွေ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များ ၊ရင်းနှီးငွေရနိုင်ရန်အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ ရင်းနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက်စိုက်ပျိုးရေးမွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက်နည်းပညာဌာနများနှင့်ချတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှ တဆင့်ကျေးရွာတွင် ရရှိထားသည့်နည်းပညာများကိုမျှဝေပေးပြီးမိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများအတွက်အသုံးချပြီးထုတ်လုပ်မှုတိုးတက်စေရမည်။

ခ-၂) ကျွန်ုပ်တို့သည်အပ်ချုပ် ၊ဇာထိုး၊ပန်းထိုး ၊ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းများတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည်ကျေးရွာလူငယ်များအတွက် ကျွမ်းကျင်မှုတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းနှီးအစီစဉ်များချိတ်ဆက်ပေးမည်။

ခ-၃) ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက်ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီးဘာသာရပ်အလိုက်ကျွမ်းကျင်သောမူလတန်းဆရာမများခန့်ထားနိုင်ရေးတို့အတွက်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် တံတားများ စသော အခြေခံ အဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာ အဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်ကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများတွင် အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမို ရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးတသီးတည်းကိုသာစိုက်ပျိုးကြသည်။တောင်သူများအတွက်မြေဆီလွှာပြုပြင်ခြင်းနှင့်သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီးဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်းစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့်ပုဂ္ဂလိကအရောင်းဆိုင်များကိုမှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြသဖြင့်တောင်သူများအတွက်သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုတို့ကိုဖြစ်ပေါ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့်မြို့နယ်သမဝါယမအသင်း ကချေးငွေလိုအပ်သူတောင်သူများအတွက်ချေးငွေအစီအစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်မျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။ သို့သော်ဒေသတွင်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာသတင်းအချက်အလက်များ အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများ အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လိုအပ်သော ရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

**ကျေးရွာ**သည်မြို့နှင့်တဆက်တည်းရှိပြီးဆက်သွယ်သွားလာရလွယ်ကူသဖြင့်ကျေးလက်ဈေးဆောက်လုပ်ရန်အစီအစဉ်မရှိပါ။

**၈။စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှု ဆိုင်ရာတွင် အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ

ပါဝင်လာနိုင် ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအတွက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်း ဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းများကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော ကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အုပ်ချုပ်ရေးကဏ္ဍ | | | | | |
| အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု | ၁။အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစွမ်းရည်မြင့်တင်ပေးရေး | ၆၉ | ၂ | .ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>.ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း<br>.အလုပ်အမှုဆောင်ကော်မတီများဖွဲ့စည်းခြင်း<br>.ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုသင်တန်းများတက်ရောက်ခြင်း<br>.အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းများတက်ရောက်ခြင်း | ကျေးလက် ဦးစီး |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| နည်းပညာသင်တန်း | ၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာများတိုးတက်ရေး | ၆၄ | ၆ | .စိုက်ပျိုးရေးသွင်းအားစုများနှင့်ဆက်သွယ်ချိတ်ဆက်မှုရရှိစေရန်<br>.ဆည်မြောင်းဝန်ကြီးဌာနမှဆည်မြောင်းများပြုလုပ်ပေးရန်<br>.စပါးအထွက်တိုးနည်းပညာသင်တန်းများဆောင်ရွက်ပေးရန်<br>.မျိုးကောင်းမျိုးသန့်များရရှိရန် | |
| **အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ဈေးကွက်နှင့်နည်းပညာ | ၃။အလုပ်အကိုင်အခွင့်အလမ်းများများပြားလာစေရေး | ၆၇ | ၃ | . ဒေသနှင့်သင့်လျော်သည့်အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း | – |

| | | | | | |
|---|---|---|---|---|---|
| သင်တန်း | | | | .ကုန်ကြမ်းမှကုန်ချောထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေး | |
| **ပညာရေး** | | | | | |
| ကလေးငယ်များပညာရေးဖွံ့ဖြိုးတိုးတက်ရေး | ၄။ ကျေးရွာ၏ကလေးငယ်များပညာတတ်မြောက်မှုတိုးတက်ရေးအတွက်စာသင်ခန်းများတိုးချဲ့ဆောက်လုပ်ရေး | ၆၅ | ၅ | .မြို့နယ်ပညာရေးမှူးရုံးနှင့်ဆက်သွယ်တင်ပြဆောင်ရွက်ရန်<br>. ကျေးရွာမှလိုအပ်သည်များပြင်ဆင်ဆောင်ရွက်ထားရှိရန် | ပညာရေးမှူးရုံး |
| ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ | | | | | |
| ချေးငွေလက်လှမ်းမီစေရေး | ၅။သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး | ၆၁ | ၇ | .ချေးငွေအတွက်လိုအပ်သောအထောက်အထားများပြင်ဆင်<br>.အတိုးနှုန်းသက်သာပြီးကာလရှည်ထုတ်ချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>.လိုအပ်ပါကမြို့နယ်မှတဆင့်ပြည်ထောင်စုအစိုးရသို့တင်ပြဆောင်ရွက်ခြင်း | |
| | | | | | – |
| **ကျန်းမာရေး** | | | | | |
| ကျန်းမာရေးတိုးတက်လာစေရေး | ၆။ကျေးရွာ၏ကျန်းမာရေးပိုမိုတိုးတက်ကောင်းမွန်လာစေရန် | ၇၄ | ၁ | .ကျန်းမာရေးဆေးပေးခန်းရရှိရန်ချိတ်ဆက်ဆောင်ရွက်ရန်<br>.ဆေးပေးခန်းမြေနေရာရရှိရေးဆောင်ရွက်ရန်<br>.အသိပညာပေးဟောပြောပွဲများပြုလုပ်ရန် | |

| | | | | |
|---|---|---|---|---|
| **လမ်းပမ်းဆက်သွယ်ရေး** | | | | |
| လမ်းတံတားကောင်းမွန်လာစေရေး | ၇။ကျေးရွာတွင်းလမ်းများအားကွန်ကရစ်လမ်းခင်းပေးရန် | ၆၆ | ၄ | .မြို့နယ်ကျေးလက်ရုံးနှင့်ချိတ်ဆက်ဆောင်ရွက်ရန်<br>.ရွာတွင်းလမ်းအားကွန်ကရစ်ခင်းပေးစေလိုခြင်း |
| **လျှပ်စစ်ဓာတ်အားသုံးစွဲရေး** | | | | |
| လျှပ်စစ်မီးရရှိရေး | ၈။လျှပ်စစ်မီးလုံလုံလောက်လောက်ရရှိအောင်ဆောင်ရွက်ရေး | ၄၂ | ၁၀ | .ရွာတွင်းလမ်းမီးတိုင်များလုံလောက်အောင်သွယ်ပေးစေလိုခြင်း<br>.မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့တင်ပြခြင်း |
| **လူငယ်ယဉ်ကျေးမှုနှင့်အားကစား** | | | | |
| လူငယ်များစွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရေး | ၉။လူငယ်များစွမ်းဆောင်ရည်မြင့်တင်ပေးရေး | ၄၈ | ၈ | .အခြားသောကြက်ခြေနီ၊အရန်မီးသတ်သင်တန်းများဖွင့်ပေးခြင်း<br>.အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း<br>.အခြေခံခေါင်းဆောင်မှုသင်တန်း<br>.လူမှုဆက်ဆံရေးတိုးတက်လာစေရေးသင်တန်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀ ၂၁ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာ၏ကျန်းမာရေးပိုမိုကောင်းမွန်လာစေရန် | ၁ | —— | —— | —— | —— | —— |
| ၂။အဖွဲ့အစည်းတိုးတက်မှုဆိုင်ရာစွမ်းရည်မြင့်မားရေး | ၂ | —— | —— | | | |
| ၃။အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး | ၃ | —— | —— | —— | —— | —— |
| ၄။ကျေးရွာတွင်းလမ်းကောင်းမွန်စေရေး | ၄ | --- | --- | --- | --- | |
| ၅။ကျေးရွာ၏ပညာရေးအတွက်စာသင်ဆောင်တိုးချဲ့ခြင်း | ၅ | —— | —— | —— | —— | —— |
| ၆။စိုက်ပျိုးရေးဆိုင်ရာနည်းပညာတိုးတက်ရရှိရေး | ၆ | —— | --- | —— | —— | —— |
| ၇။သင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေရရှိရေး | ၇ | —— | —— | —— | —— | —— |
| ၈။လျှပ်စစ်မီးလုံလုံလောက်လောက်ရရှိရေး | ၈ | —— | | —— | —— | —— |
| ၉။လူငယ်များစွမ်းဆောင်ရည်မြင့်မားရေး | ၉ | --- | | | —— | —— |

## ၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာ၏ကျန်းမာရေးပိုမိုကောင်းမွန်လာစေရန် | | | | √ | |
| ၂ | အဖွဲ့အစည်းတိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်မားရေး | | | | √ | |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး | | | | | √ |
| ၄ | ကျေးရွာတွင်းလမ်းအဆင်ပြေစေရေး | | | √ | | |
| ၅ | စာသင်ဆောင်တိုးချဲ့ခြင်း | | | √ | | |
| ၆ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေး | | | | √ | |
| ၇ | သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေရရှိရေး | | | √ | | |
| ၈ | လျှပ်စစ်မီးရရှိရေး | | | √ | | |
| ၉ | လူငယ်များစွမ်းဆောင်ရည်မြှင့်မားရေး | | | | √ | |
| | | | | | | |
| | | | | | | |
| | | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား

တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်

ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို

အဓိကထားဖော်ပြပါမည်။ ငွင်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှု ယင်းအခြေခံ သတင်း အချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၃ | ၅ | ၈ | ၁ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၂၅ | ၂၇ | ၅၂ | ၈ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၃၇ | ၇၅ | ၁၁ |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၅ | ၅၃ | ၈၈ | ၁၃ |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၂ | ၂၀၉ | ၄၀၁ | ၆၀ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၃၄ | ၄၄ | ၇ |
| **စုစုပေါင်း လူဦးရေ** | | **၃၀၃** | **၃၆၅** | **၆၆၈** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု- ၁၃၆** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅** | | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အိမ်ထောင်စု(၁၃၆)စုရှိပြီးလူဦးရေစုစုပေါင်း(၆၆၈)ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သူဦးရေသည်(၄၀၁)ဦးရှိပြီးရာခိုင်နှုန်းမှာ(၆၀)% ရှိကာကျေးရွာရှိလူဦးရေ၏ ထက်ဝက်ကျော်ခန့်ရှိပါသည်။ကျောင်းနေသည့်လူဦးရေမှာစုစုပေါင်းလူဦးရေ၏(၁၃)% ရှိပါသည်။ကျေးရွာ၏လူဦးရေမှာ နောင်(၅)နှစ်တွင်းပိုမိုတိုးပွားလာမည်ဖြစ်ပြီး အလုပ်လုပ်နိုင်သည့်လူဦးရေမှာလည်းတိုးပွားလာမည်ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာလူနေအိမ်ရပ်ကွက်များလည်းတိုးချဲ့ရမည်ဖြစ်ပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၃ | ၂၄ | ၈၂ | ၃၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆ | ၄ | - | ၈ | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၄ | | ၇ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | - | - | | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၃ | - | ၃ | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၁ | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၇ | ၁၂ | ၉ | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၃ | - | ၅ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ | - | - | | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၁ | - | ၁ | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇၂ | ၅၃ | - | ၁၂၄ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| | **စုစုပေါင်း** | **၁၃၆** | **-** | **၉၄** | **၁၈၉** | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီးအများစုမှာရာသီအလိုက်ကျဘမ်းအလုပ်သမားများဖြစ်ကြသည်။လူဦးရေအနည်းစုသာလက်လီလက်ကားရောင်းဝယ်ခြင်း၊ကျောက်မှော်ရွှေမှော်သို့သွားခြင်း၊ပြည်ပသွားရောက်လုပ်ကိုင်ခြင်း၊သုံးဘီးကားမောင်းခြင်းများလုပ်ကိုင်ကြသည်။ကျေးရွာတွင်စားသောက်ဆိုင်(၁)ဆိုင်သာရှိပြီးအခြားဝင်ငွေရစီးပွားရေးရင်းနှီးမြုပ်နှံမှုတို့မရှိခြင်းကြောင့်အလုပ်အကိုင်အခွင့်အလမ်းရှားပါးပြီးကျေးရွာတွင်စားဝတ်နေရေးအဆင်မပြေသူများပြား၍ကျေးရွာ၏အိမ်ထောင်စု(၃)ပုံ(၂)ပုံခန့်မှာစားဝတ်နေရေးအဆင်မပြေသူများဖြစ်ကြသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၅၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြုပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | - | ၅၀၀၀ | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | ၃၀၀၀ | - | ၂၀၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ **၂၂.၇၅**)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ × ၈**)

**လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်နေ့စား**အလုပ်သမားများပြားပြီး **လခစားဝန်ထမ်းအချို့လည်းရှိပါသည်။နေ့စားအလုပ်သမားများအတွက်တစ်ရက်လုပ်အားခအများဆုံး**အမျိုးသားအတွက်(၈၀၀၀)ကျပ်ရ

ရှိပြီးအမျိုးသမီးတစ်ယောက်အတွက်အများဆုံး(၅၀၀၀)ကျပ်ရရှိပါသည်။နေ့စားကျား/မအနည်းဆုံးလုပ်အားခမှာ(၃၀၀၀)ကျပ်ထိရှိပြီး လခစားအလုပ်သမားအတွက်အများဆုံးကျား/မလုပ်အားခ(၁၀၀၀၀)ကျပ်မှ(၅၀၀၀)ကျပ်ထိရရှိပြီးအနည်းဆုံးမှာ(၆၀၀၀)ကျပ်မှ(၃၅၀၀)ကျပ်ထိရရှိကြသည်။အမျိုးသမီးများနေ့စားဈေးရောင်းအလုပ်ကိုအများဆုံးလုပ်ကိုင်ကြပြီးတစ်ရက်လျှင်(၃၀၀၀)ကျပ်နှင့်(၂၀၀၀)ကျပ်တွင်းရရှိကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၇၄.၅၄ | သင့် | အနည်းအကျဉ်း | ဆားလှော်ဆည်/၃၀၀ဧက |
| ယာမြေ /တောင်ယာ | ၂၉ | သင့် | အနည်းငယ် | |
| ဥယျာဉ်ခြံမြေ | ၁၀၅.၅ | သင့် | အနည်းငယ် | |
| အိမ်ခြံဝင်း စိုက်ခင်း | ၁၆.၇၅ | သင့် | ။ | |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၅၁ | သင့် | ။ | |
| ရွှေ့ပြောင်းတောင်ယာမြေ | - | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| စုစုပေါင်း | ၃၇၆.၇၉ | | | |

**ရင်းမြစ်** …(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်မြေဧက(၁၇၄.၅၄)ရှိပြီးဆည်ရှိသော်လည်းတောင်သူများသည်ဆည်ရေအနည်းငယ်သာရရှိပြီးမိုးရေကိုသာအဓိကအားထားရသည်။ကျေးရွာတွင်ရာဘာ၊သစ်မွှေး၊နဂါးမောက်၊စိုက်ပျိုးထားသောနှစ်ရှည်သီးနှံစိုက်ခင်းဧက(၅၁)ဧကရှိပါသည်။ကျေးရွာတွင်ဥ ယျာဉ်ခြံမြေများရှိပြီးဧ ကအားဖြင့်(၁၀၅.၅)ရှိပါသည်။ဥ ယျာဉ်ခြံမြေလုပ်ကိုင်သူများမှာပုံစံ(၇)ရရှိပြီးသူများရှိသလိုမရ

ရှိသေးသူများလည်းရှိပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | |
| အခြား ရင်းမြစ်များ | မရှိ | |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | မရှိ | လက်လှမ်းမမီ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်တောမီးရှို့ခြင်း၊တောင်ယာခုတ်ခြင်း၊သစ်အလွန်အကျွံခုတ်ခြင်းများကြောင့်**သဘာဝတိရစ္ဆာန်မျိုးစိတ်များမျိုးတုန်းပျောက်ကွယ်ခြင်း၊သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ စသည်) ရှားပါးလာကြသည်။

### (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | | ၅ ဧက ၁၀ ဧကကြား | ၄ဧကအောက် | |
| အိမ်အခြေအနေ | | သွပ်မိုး၊ပျဉ်ခင်း၊ပျဉ်ထောင် | သွပ်၊ထရံကာ | |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | | လက်တွန်းထွန်စက်၊ လှည်း၊နွား၊ကျွဲ၊ခြွေလှေ့စက် | နွား၊ကျွဲ၊လှည်း | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော | ကား၊ ဆိုင်ကယ်၊ တီဗွီ၊ | ဆိုင်ကယ်၊ တီဗွီ၊ဖုန်း၊ဆိုလာ | ဆိုင်ကယ်၊စ | စက်ဘီး၊ ဖုန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| ပိုင်ဆိုင်မှု | ရေခဲသေတ္တာ | | ကိဘီး၊ဖုန်း၊ ခေါက်တီဗွီ | |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာစိုက်ပျိုးရေး | လယ်ယာစိုက်ပျိုးရေး | နေ့စား | နေ့စား၊ ကျဘမ်း |
| အိမ်ထောင်စု - ၁၈၉ | ၁ (၁%) | ၄ (၃ %) | ၈၃(၆၁ %) | ၄၈ (၃၅%) |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ဆင်းရဲသည့်အိမ်ထောင်စုနှင့်အလွန်ဆင်းရဲသည့်အိမ်ထောင်စုများပြားပြီး အဆင်ပြေသောအိမ်ထောင်စုနှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုမှာအနည်းငယ်သာရှိပါသည်။ကျေးရွာတွင်ဆင်းရဲသည့်အိမ်ထောင်စုများပြားသည့်အတွက်လယ်ယာသုံးစက်ပစ္စည်းများ၊သုံးဘီး၊ကားနှင့် အခြားလူသုံးကုန်ပစ္စည်းများကိုဝယ်ယူမသုံးစွဲနိုင်ကြပါ။ လူနေအဆောက်အဦများမှာလည်းငွေကြေးမတတ်နိုင်သည့်အတွက် သွပ်မိုး၊ထရံကာ၊ ပျဉ်ခင်း၊ကြမ်းခင်းများကိုသာဆောက်လုပ်နိုင်ကြပြီးအိမ်ထောင်စုအနည်းငယ်သာသွပ်မိုး၊အုတ်တကံ၊ပျဉ်ထောင်၊ပျဉ်ခင်းများကိုသာဆောက်လုပ်နိုင်ကြသည်။ ကျေးရွာအိမ်ထောင်စုအားလုံးနီးပါးလက်ကိုင်ဖုန်း၊တီဗွီ၊စက်ဘီးနှင့်အခြားဈေးသက်သာသောလူသုံးကုန်ပစ္စည်းများကိုဝယ်ယူသုံးစွဲနေကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၁.၅) ထိခိုက်လွယ်မှု**

**(၁.၅.၁) ဝမ်းစာဖူလုံမှု**

**ဇယား** (၇) **ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ** (**ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း**)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၈ | ၇ | တနေ့လုပ်တနေ့စား |
| ၃ လနှင့် ၅ လ အထိ | ၆ | ၁၅ | တနေ့လုပ်တနေ့စား |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၆လ မှ ၁၂ လ အထိ | ၁၆ | ၆ | တနေ့လုပ်တနေ့စား |

**ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အိမ်ထောင်စု(၁၈)စုမှာ(၃)လအောက်သာဝမ်းစာဖူလုံပြီး(၆)အိမ်ထောင်စုမှာ(၃)လမှ(၆)လကြားဝမ်းစာဖူလုံမှုရှိပါသည်။ (၆)လမှ(၁၂)လထိဝမ်းစာဖူလုံသောအိမ်ထောင်စု(၁၆)စုရှိပြီးနေ့စားအလုပ်သမားများလုပ်ခြင်းဖြင့်မိသားစုဝမ်းစာရေးကိုဖြေရှင်းလုပ်ကိုင်စားသောက်နေရပါသည်။ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ပြင်ပမှစီးပွားရေးရင်းနှီးမြှုပ်နှံသူမရှိခြင်း၊ပညာတတ်လူငယ်များနည်းပါးခြင်းတို့ကြောင့်မိသားစုတော်တော်များများစားဝတ်နေရေးအဆင်မပြေကြသည်ကိုလေ့လာတွေ့ရှိရပါသည်။**

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောသက်ကြီးရွယ်အိုမသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိပါ။ ကျေးရွာတွင်ရွှေသစ်ပင်ဘိုးဘွားရိပ်သာတစ်ခုကိုရွှေသစ်ပင်ဘုန်းကြီးကျောင်းဆရာတော်ဦးတိန္နောမှဦးစီးပြီးတည်ထောင်ထားပါသည်။ကျေးရွာတွင်ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို၊တခုလပ်အိမ်ထောင်စုနှင့်အလွန်ဆင်းရဲသည့်အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုမရှိပါ။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | ကျဘမ်းလုပ်သားမိသားစုများဖြစ်ခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | လူနေအိမ်ကွက်သစ်များတိုးချဲ့ဖော်ထုတ်ခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | ထိခိုက်မှုမရှိ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | ထိခိုက်မှုမရှိ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ထိခိုက်မှုမရှိ |
| ၆ | မုန်တိုင်း | နိမ့် | ထိခိုက်မှု<br>မရှိ |
| ၇ | လျှေင် | နိမ့် | မရှိ |
| ၈ | မီးဘေး | နိမ့် | မီးလောင်ကျွမ်းမှုနည်းပါးသည် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်နှင့်နီးစပ်မှုမရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | ထိခိုက်မှုမရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်တောဝါးတိုများ အလွန်အကျွံခုတ်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | မိုးရာသီ၌ခြင်ပေါခြင်း။ |
| ၁၃ | တီဘီရောဂါ | နိမ့် | ဖြစ်ပွားမှုနည်းပါးသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မူးယစ်ဆေးသုံးသူနှင့်ဆေးထိုးအပ်တို့မှကူးစက်ခြင်း |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ထိခိုက်မှုမရှိ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ကျေးရွာတွင် မရှိသေးပါ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | မြို့နှင့်တဆက်တည်းရှိပြီးကျောက်ခင်းလမ်းဖြစ်သည်။ |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်နေ့စားအလုပ်သမားများပြားခြင်းကြောင့်စားဝတ်နေရေးအဆင်မပြေမှုမှာအမြင့်ဆုံးအဆင့်တွင်ရှိပါသည်။လူနေအိမ်များတိုးချဲ့မှုကြောင့်စိုက်ပျိုးရန်မြေနေရာများရှားပါးမှုနှင့်လည်းကြုံတွေ့နေရသည်။ကျေးရွာတွင်ခြောက်သွေ့သောရာသီ၌မီးဘေးအန္တရာယ်ကိုလည်းကြုံတွေ့နေရပါသည်။အရန်မီးသတ်တပ်ဖွဲ့ရှိသော်လည်းမီးသတ်ကားမရှိသောကြောင့်မီးဘေးအန္တရာယ်ကြုံတွေ့ရ

ပါကအခက်အခဲဖြစ်လာနိုင်ပါသည်။သစ်တောများအလွန်အကျွံခုတ်ခြင်း၊တောမီးရှို့ခြင်းတို့ကြောင့်သစ်တောများပြုန်းတီးနေပါသည်။သဘာဝဘေးအန္တရာယ်အဖြစ်နည်းသဖြင့်ကျေးရွာတွင်ကြိုတင်ကာကွယ်မှုများပြင်ဆင်ထားခြင်းမရှိပါ။

**(၁.၅.၄)　　ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးသုံးစွဲသူများပြားခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | မိသားစု၏ကျန်းမာရေးစရိတ်၊ ပညာရေးစရိတ်၊စားဝတ်နေရေးစရိတ်မြင့်မားခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | နေ့စားအလုပ်သမားများပြားခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မရှိ | |
| ၉ | ငါးကန်ပိုင်ရှင် | လတ် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | လတ် | |
| ၁၅ | ဆေးစွဲသူများ | မြင့် | ဆေးကို အလွယ်တကူရနိုင် |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | သည်။ဥ ပဒေအရအရေးယူမှု နည်းပါးခြင်း၊မူးယစ်ဆေးသုံးစွဲသည့်ဆေးထိုးအပ်မှတဆင့် ရောဂါပိုးကူးစက်ခြင်း |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။

ကျေးရွာတွင်ဥ ပဒေအရအရေးယူဖမ်းဆီးမှုနည်းပြီးမူးယစ်ဆေးဝါးရောင်းဝယ်သူများပြားခြင်းတို့ကြောင့်လူငယ်များမှာမူးယစ်ဆေးဝါးကိုအလွန်အကျွံသုံးစွဲနေကြသည်။မူးယစ်ဆေးသုံးစွဲသူများပြားလာခြင်းတို့ကြောင့်မူးယစ်ဆေးသုံးစွဲသည့်ဆေးထိုးအပ်မှတဆင့်ရောဂါပိုးများကူးစက်နိုင်ပါသည်။ကျေးရွာတွင်ကျန်းမာရေး၊ပညာရေး၊စားဝတ်နေရေးစရိတ်စကများကြီးမားမှုကြောင့်ဆင်းရဲသည့်အမျိုးသမီးဦးဆောင်သည့်မိသားစုအချို့လည်းရှိနေပါသည်။ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းတို့ကြောင့်လက်လုပ်လက်စားများမှာအလုပ်လက်မဲ့ဖြစ်ပြီးမိသားစုစားဝတ်နေရေးအခက်အခဲများနှင့်ရင်ဆိုင်နေကြရပါသည်ကျေးရွာတွင်အလုပ်အကိုင်ရှားပါးခြင်းကုန်ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့်ကျေးရွာအိမ်ထောင်စုတော်တော်များများမှာစားဝတ်နေရေးကျပ်တည်းမှုဒဏ်ကိုခံစားနေကြရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း | အမျိုး | အဖွဲ့ဝင်ဦးရေ | လုပ်ငန်း တာဝန် | ဦးဆော | စွမ်း |
|---|---|---|---|---|---|---|

| | အမည် | အစား (၁/၂/၃) | ကျား | မ | ပေါင်း | | င် ဖွဲ့စည်းသူများ (၄/၅) | ဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ဂေါပက | ၃ | ၃၃ | - | ၃၃ | ဘာသာရေး | ၄ | ၇ |
| ၂ | အပျို/လူပျို | ၂ | - | - | - | လူမှုရေးအဖွဲ့ | ၄ | ၇ |
| ၃ | လယ်သမား | ၁ | ၂၅ | ၁၀ | ၃၅ | စိုက်ပျိုးရေး | ၄ | ၇ |
| ၄ | အမျိုးသမီးရေးရာ | ၂ | - | ၁၀ | ၁၀ | လူမှုရေးအဖွဲ့ | ၅ | ၈ |
| ၅ | မိခင်နှင့်ကလေး | ၂ | - | ၁၀ | ၁၀ | လူမှုရေးအဖွဲ့ | ၅ | ၈ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) **ကျေးရွာလူထုကိုယ်တိုင်**

(၅) **ပြင်ပအဖွဲ့အစည်း**

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) **ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။**

(၇) **သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။**

(၈) **ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ဂေါပက၊အပျို/လူပျို၊လယ်သမားအမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များကိုပြင်ပမှဖွဲ့စည်းထားရှိပြီးအခြားအဖွဲ့များကိုမူကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းထားရှိပါသည်။ကျေးရွာ၏အဖွဲ့အစည်းများမှာအဖွဲ့အစည်းနာမည်ခံသာရှိပြီးကျေးရွာဖွံ့ဖြိုးရေး

တွင်စိတ်ဝင်စားမှုမရှိပဲရပ်ရွာဖွံ့ဖြိုးမှုလုပ်ငန်းများလုပ်ကိုင်ရာတွင်အသင့်အတင့်လောက်သာပါဝင်လုပ်ဆောင်သည်ကိုလေ့လာတွေ့ရှိရပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)** | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** |
|---|---|---|---|
| | **မေတ္တာ** | ၃ | ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနှင့်ကျန်းမာသန်စွမ်းရေး |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (**ပြည်တွင်း**/ **ပြည်ပ**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (**ပြည်တွင်း**/ **ပြည်ပ**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (**ဥပမာ** - UK Aid, GIZ **စသည့်**)

(၆) **ပရဟိတအဖွဲ့** (**ပြည်တွင်း**/ **ပြည်ပ**)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။**ကျေးရွာတွင်ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအတွက်မေတ္တာအဖွဲ့အစည်းရှိပါသည်။ ကျေးရွာတွင် မေတ္တာအဖွဲ့ရှိသောကြောင့်ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအတွက်ကျန်းမာရေးအသိပညာများရရှိစေပါသည်။အဖွဲ့အစည်းမှာအဖွဲ့ဝင်ဦးရေနည်းပါးသဖြင့်အဖွဲ့အစည်းလုပ်ငန်းလုပ်ဆောင်ရာတွင်ထင်သလောက်အောင်မြင်မှုမရရှိပဲအခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။အခြားသောပြည်တွင်းပြည်ပအဖွဲ့အစည်းများမရှိပါ။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

## (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၂ | ၆၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၄ | ၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂၀ | ၁၅ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၈ | ၂၁ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၂ | ၁ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၃၆ | ၁၀၀% | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စိုက်ပျိုးမြေပိုင်ဆိုင်သည့်အိမ်ထောင်စုမှာ(၆၈)အိမ်ထောင်စုရှိပြီး ကျေးရွာအိမ်ခြေစုစုပေါင်း၏ထက်ဝက်မျှပင်မရှိသောကြောင့်ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စုနည်းပါးသည်ဟုဆိုနိုင်ပါသည်။စိုက်ပျိုးမြေပိုင်ဆိုင်မှုနည်းပါးပြီးကေျးေးရွာ၏စိုက်ပျိုးသီးနှံထွက်နှုန်းမှာ

နည်းပါးသဖြင့်ဝင်ငွေရရှိမှုမှာလည်းနည်းပါးပါသည်။မြေယာမဲ့အိမ်ထောင်စုများပြားသည့်အတွက်အလုပ်အကိုင်ရှားပါးသည်။ကျေးရွာ၏အိမ်ထောင်စုပေါင်း(၆၀)% သည်မြေယာမဲ့များဖြစ်ကြပြီးကြုံရာကျဘမ်းအလုပ်များကိုလည်းလုပ်ကိုင်နေကြကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

**ဇယား** (**၁၄**) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၃၀၀ | | မရှိ |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | - | | | |
| ၈ | အခြား | - | | | |

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင်နိုင်ငံတော်မှကွန်ကရစ်ဆည်တစ်ခုဆောက်လုပ်ပေးထားပါသည်။ကွန်ကရစ်ဆည်မှလယ်ကေ(၃၀၀)ကျော်ကိုရေပေးဝေပြီးဆည်ရေမှာလုံလောက်မှုမရှိပါ။ဆည်ရေမှ(၅)လသာရေရရှိပြီးရေသွင်းမြောင်းများမှာရေစီးရေလာမကောင်းပဲတိမ်ကောနေပါသည်။ဆည်ရေသွင်းမြောင်းမကောင်းသောကြောင့်စိုက်ပျိုးချိန်၌စိုက်ပျိုးရေလုံလောက်စွာမရရှိပဲသီးနှံအထွက်နှုန်းလျော့နည်းခြင်း၊ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ရခြင်း၊ပိုးမွှားအန္တရာယ်ဖျက်စီးမှုများကြုံတွေ့ရခြင်းတို့ကြောင့်တောင်သူတို့မှာထိခိုက်ဆုံးရှုံးနစ်နာမှုများကိုခံစားနေရပါသည်။မိုးရေမလုံလောက်ခြင်းမိုးခေါင်ခြင်းတို့ကြောင့်စိုက်ပျိုးရေမလုံလောက်ဆုံးရှုံးနစ်နာမှုများနှင့်ကြုံတွေ့နေရပါသည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| | စုစုပေါင်း စိုက်ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၇၀.၅၄ | တင်း | ၆၀ | ၁၀၀ | ၇၅ | ဇွန် | နိုဝင်ဘာလ | လတ် | လတ် | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ဆန်စပါးကိုအဓိကထားစိုက်ပျိုးကြပါသည်။တစ်နှစ်လျှင်စပါး တစ်သီးတည်းသာစိုက်ပျိုးကြသည်။စပါးအထွက်နှုန်းမှာတစ်ဧကလျှင်အနည်းဆုံး(၆၀)တင်းမှ အများဆုံး (၁၀၀)တင်းထိထွက်ရှိပါသည်။တောင်သူများမှာစိုက်ပျိုးရေလုံလောက်မှုမရှိသောကြောင့်ပျက်စီးဆုံးရှုံး ခြင်း၊စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်းတို့ကြောင့်အမြတ်ရရှိမှုနည်းပါးလှသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| **ထွန်စက်** | - | - | - | - | - | - | |
| **လက်တွန်းထွန်စက်** | ၁၅ | - | - | - | - | ၂၀ | |
| **အစေ့ချ ကိရိယာ** | - | | | | | - | |
| **ရိတ်သိမ်းခြွေလှေ့စက်** | - | | | | | - | |
| **ရိတ်သိမ်းစက်** | - | | | | | - | |
| ခြွေလှေ့စက် | ၁ | - | - | - | - | ၂၀ | |
| ရေစုပ်စက် | ၈ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | | | | | | |
| **မြက်ရိတ်စက်** | - | | | | | | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်တွန်းထွန်စက်(၁၅)စင်းရှိပြီးသုံးစွဲသူဦးရေမှာ(၂၀)ဦးရှိပါ သည်။ကျေးရွာရှိလယ်ဧကနှင့်စာလျှင်လယ်ယာသုံးထွန်စက်များလိုအပ်ပါသည်။လယ်ယာသုံးစက်ပစ္စည်း များဈေးနှုန်းမြင့်မားမှုကြောင့်တောင်သူများမှာဝယ်ယူသုံးစွဲရန်အခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။ လယ်ယာသုံးစက်ပစ္စည်းများတွင်ကျယ်စွာသုံးစွဲနိုင်မှုမရှိခြင်းကြောင့်တောင်သူများစိုက်ပျိုးချိန်တွင်အချိန် မီပြီးစီးမှုမရှိပဲဆုံးရှုံးနစ်နာမှုများနှင့်ကြုံတွေ့နေရပါသည်။စိုက်ပျိုးရေးဦးစီးဌာနနှင့်အခြားစီးပွားရေးလုပ် ငန်းရှင်များကလည်းလယ်ယာသုံးစက်ကရိယာများကိုအရစ်ကျစနစ်ဖြင့်ရောင်းချပေးနေပါသော်လည်းအ တိုးနှုန်းမြင့်မားမှုကြောင့်တောင်သူများဝယ်ယူမသုံးစွဲနိုင်ကြပဲအခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ)** | ဓာတ်မြေသြဇာအလွန်အကျွံသုံးစွဲခြင်း |
| **ရေရင်းမြစ်** | **ရေလုံလောက်မှုမရှိ၊ရေသွင်းမြောင်းမကောင်း** |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | **နည်းပညာသင်တန်းများပို့ချရန်လို** |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | **ဓာတ်မြေသြဇာ၊ပိုးသတ်ဆေးများအလွယ်ဝယ်ယူနိုင်ခြင်း** |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | **လယ်ယာစိုက်ပျိုးရေးဘဏ်၊သမမှချေးငွေများရရှိနိုင်ခြင်း** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | **စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆည်မြောင်းဦးစီးဌာနမှကွင်းဆင်းဆောင်ရွက်ခြင်းမရှိ၊နည်းပညာသင်တန်းများပို့ချရန်လိုအပ်** |
| သွင်းအားစုဈေးကွက် | **လုပ်သားရှားပါးခြင်း**၊ကျွမ်းကျင်လုပ်သားမရှိခြင်း |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | **ဆန်စပါးကိုအဓိကထားစိုက်ပျိုးကြပြီးကုန်သည်ပွဲစားများမှတဆင့်ဆက်သွယ်ရောင်းချကြပါသည်။** |
| အခြား | - |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိတောင်သူများသည်စိုက်ပျိုးရေမလုံလောက်ခြင်း၊ရေသွင်းမြောင်းမကောင်းခြင်းတို့ကြောင့်ဓာတ်မြေသြဇာကိုအလွန်အကျွံသုံးစွဲကြသဖြင့်မြေဆီလွှာပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပြီးစပါးထွက်နှုန်းလျော့နည်းသည့်ပြဿနာနှင့်ကြုံတွေ့နေရပါသည်။တောင်သူများမှာသဘာဝမြေသြဇာဖြစ်သောနွားချေး၊ကျွဲချေး၊ဇီဝဓာတ်မြေသြဇာရှားပါးသဖြင့်ဓာတ်မြေသြဇာကိုသာအလွန်အကျွံသုံးစွဲနေကြရသည်။ တောင်သူများမှာသဘာဝပိုးမွှားအန္တရာယ်ကြုံတွေ့ရခြင်း၊လုပ်သားရှားပါးခြင်းတို့ကြောင့်လည်းအထွက်နှုန်းလျော့နည်းပြီးအမြတ်ရရှိမှုနည်းပါးလှသည်။တောင်သူများအဓိကစိုက်ပျိုးသောသီးနှံမှာဆန်စပါးဖြစ်ပြီးထွက်ရှိသောဆန်စပါးများကိုမိုးညှင်းမြို့ကုန်သည်ပွဲစားများမှတဆင့်ရောင်းချရသည့်အတွက်ဈေးကွက်တည်ငြိမ်မှုမရရှိပဲဈေးနှိမ်ခံရခြင်းကြုံရပါသည်။အထူးသဖြင့်တောင်သူများသည်လယ်ယာစိုက်ပျိုးရေးဘဏ်နှင့်သမချေးငွေများပြန်ဆပ်ချိန်တွင် ကုန်သည်ပွဲစားများမှာစပါးဈေးကိုနှိမ်ထား သောကြောင့်တောင်သူများအခက်ကြုံရပါသည်။တောင်သူများမှာနည်းပညာဆိုင်ရာဟောပြောပွဲများမ

တက်ရောက်နိုင်ခြင်း၊ စိုက်ပျိုးရေးသင်တန်းများမတက်ရောက်နိုင်ခြင်း၊စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှလည်းကွင်းဆင်းကြည့်ရှုမှုမရှိခြင်းတို့ကြောင့်တောင်သူများမှာနည်းပညာနှင့် ပါတ်သက်၍အားနည်းလျက်ရှိပါသည်။

**(၂.၂.၁.၆)**သီးနှံထုတ်လုပ်မှုအတွက် **ပြဿနာနှင့်စိန်ခေါ်မှုများ**

**ဇယား** (၁၈) **သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **သစ်တောစိုက်ပျိုးမြေများတွင်ပုံစံ(၇)မရရှိခြင်း** |
| မြေဆီသြဇာ အခြေအနေ | မြေဆီသြဇာမှာစပါးတမျိုးသာစိုက်ပျိုးနိုင်ခြင်း |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ငွေတိုးချေးသူတို့ထံမှအတိုးနှုန်းမြင့်မားစွာဖြင့်ချေးယူရခြင်း |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | **မျိုးစပါး၊ဓာတ်မြေသြဇာများကိုဈေးနှုန်းမြင့်မားစွာဝယ်ယူရခြင်း၊** |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | ကျောက်မှော်၊ရွှေမှော်များသို့သွားရောက်လုပ်ကိုင်ကြသဖြင့်လုပ်သားရှားပါးခြင်း၊ကျွမ်းကျင်လုပ်သားမရှိခြင်း၊ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | **မိုးရေကိုသာအဓိကအားထားရသည်** |
| စိုက်ပျိုးရေမလုံလောက်မှု | **စိုက်ပျိုးရေလုံလောက်မှုမရှိခြင်း၊ဆည်ရေသွင်းမြောင်းတိမ်ကောလာခြင်း** |
| ဖျက်ပိုးနှင့် ရောဂါ | **ကျရောက်မှုအသင့်အတင့်ရှိသည်** |
| ဈေးကွက် လက်လှမ်းမီမှု | **ထွက်ကုန်များအဆင်သင့်ရောင်းချနိုင်ရန်ပွဲရုံများမရှိခြင်း၊** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **နည်းပညာပံ့ပိုးမှုအားနည်းပါသည်** |
| **အခြား** | - |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်သစ်တောမြေများတိုးချဲ့စိုက်ပျိုးရန်ပုံစံ(၇)မရရှိခြင်းကြောင့်စိုက်ပျိုးမြေတိုးချဲ့ရန်အခက်အခဲရှိပါသည်။မြေဆီလွှာမှာစပါးတစ်မျိုးတည်းသာစိုက်ပျိုးနိုင်ပြီးအခြားသီးထပ်သီးညှပ်သီးနှံများမှာဖြစ်ထွန်းမှုမရှိပေ။ မိုးရေကိုသာအဓိကအားထားရပြီးရေသွင်းမြောင်းတိမ်ကောလာခြင်းကြောင့်စိုက်ပျိုးရေမလုံလောက် ခြင်းတို့တွေ့ကြုံရသည်။ဆည်ရေလုံလောက်စွာရရှိပါကသီးညှပ်အဖြစ်ပဲပုတ်၊ကြက်သွန်နီ၊ကြက်သွန်ဖြူ၊ဖရဲ စသည်သီးနှံများစိုက်ပျိုးနိုင်မည်။စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့်မျိုးကောင်းမျိုးသန့်၊ဓာတ်မြေသြဇာနှင့်ဖျက်ပိုးရောဂါကာကွယ်ဆေးတို့မှာဈေးနှုန်းမြင့်မားပါသည်။ တောင်သူများမှာအတိုးနှုန်းမြင့်မားမှုတို့ကြောင့်ငွေတိုးမချေးနိုင်ခြင်း၊လုပ်သားအင်အားရှားပါးပြီးကျွမ်း

ကျင်လုပ်သားမရှိခြင်း၊စသည့်အခက်အခဲများနှင့်ရင်ဆိုင်နေရသည်။ထွက်ရှိလာသောစပါးများကိုမိုးညှင်းမြို့သို့သွားရောက်ရောင်းချပြီးအချို့မှာရွာအရောက်လာ၍စျေးနှိမ်ဝယ်ယူကြပါသည်။စိုက်ပျိုးရေးနည်းပညာအထောက်အပံ့များလည်းလိုအပ်ပါသည်။

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား** (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၈၆ | ၇၁၂ | |
| **နို့စားနွား** | ၃၈ | ၇၈ | |
| **မြင်း** | - | - | |
| **ကျွဲ** | ၂ | ၇ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၃၀ | ၈၇ | |
| ကြက် | ၆၀ | ၄၁၂ | |
| ဘဲ | ၂ | ၁၉ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးလုပ်ငန်းကိုစီးပွားဖြစ်မမွေးမြူနိုင်ကြပဲလယ်ယာလုပ်ငန်းလုပ်ကိုင်ရန်နှင့်တပိုင်တနိုင်သာမွေးမြူကြသည်။ကျေးရွာတွင်စီးပွားဖြစ်မွေးမြူနိုင်ကြသော်လည်းငွေကြေးမတတ်

နိုင်ခြင်း၊မွေးမြူရေးနည်းပညာအထောက်အပံ့များမရရှိခြင်း၊မွေးမြူရေးအစာများဈေးနှုန်းကြီးမြင့်ခြင်းတို့

ကြောင့်စီးပွားဖြစ်မမွေးမြူနိုင်ကြပဲတပိုင်တနိုင်စားသုံးရန်အတွက်သာမွေးမြူနိုင်ကြသည်။ကျေးရွာတွင်မြစ်ချောင်းအင်းအိုင်ရှားပါးခြင်းကြောင့်ငါးမွေးမြူရေးလုပ်ငန်းမလုပ်ကိုင်နိုင်ကြပေ။

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | ကျေးရွာပိုင်သစ်တောများေလျှောက်ထားသည့်နေရာမရှိခြင်း၊ ကျွဲနွားများကိုလွှတ်ကျောင်းစနစ်ဖြင့်မွေးမြူခြင်း |
| **ရေရရှိမှု** | ရေလုံလောက်မှုမရှိခြင်း |
| မျိုးတိရစ္ဆာန်<br>လက်လှမ်းမီမှု | **ဒေသကြက်နှင့်ဒေသဝက်အမျိုးများကိုသာမွေးမြူနိုင်ကြသည်။** |
| ချေးငွေ | **မွေးမြူရေးကဏ္ဍအတွက်ငွေကြေးဝန်ဆောင်မှုအဖွဲ့မရှိခြင်း** |
| သွင်းအားစုဈေးကွက် | **ဝက်စာများကိုဆန်စက်များမှဖွဲနုဝယ်ယူရရှိပါသည်။** |
| ဝန်ဆောင်မှုဈေးကွက် | **ကျွဲ၊နွား၊ကြက်၊ဝက်များဆရာဂါကုသရန်မွေ့ကုဦးစီးဌာနမှတစ်နှစ်တစ်ကြိမ်လာရောက်စစ်ဆေးပေးပါသည်။** |
| ထုတ်ကုန်ရောင်းဝယ်မှု | **ရွာအရောက်ပွဲစားများသတ်မှတ်မှုမရှိဝယ်ယူပါသည်။** |
| **အိမ်ခြံဝင်းအတွင်း<br>မြေနေရာ<br>လုံလောက်မှု** | **လုံလောက်မှု ရှိပါသည်။** |
| **အခြား** | |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုဇွန်သားပေါက်<br>လက်လှမ်းမီမှု** | |
| **ချေးငွေ** | |
| **သွင်းအားစု<br>လက်လှမ်းမီမှု** | |
| နည်းပညာ<br>အကူအညီနှင့်<br>နည်းလမ်းများ | |
| ထုတ်ကုန်ရောင်းဝယ်မှု | |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **အခြား** | **-** |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်တိရစ္ဆာန်များကိုလွတ်ကျောင်းစနစ်ဖြင့်သာမွေးမြူကြပြီးစားကျက်မြေသီးသန့်လျောက်ထားခြင်းမရှိပါ။**ကျေးရွာတွင်ဒေသပေါက်မျိုးတိရစ္ဆာန်များကိုသာတပိုင်တနိုင်မွေးမြူကြသည်။မွေးမြူရေးလုပ်ကိုင်ရန်အခွင့်အလမ်းကောင်းများရှိသော်လည်းမွေးမြူရေးလုပ်ငန်း၌ရင်းနှီးမြုပ်နှံမည့်သူမရှိခြင်း၊မွေးမြူရေးလုပ်ငန်းဆိုင်ရာအသိပညာ၊အတတ်ပညာများမရှိခြင်း၊မျိုးကောင်းမျိုးသန့်မရှိခြင်းတို့သည်မွေးမြူရေးလုပ်ငန်းကိုအဟန့်အတားဖြစ်နေပါသည်။ကျေးရွာတွင်မွေးမြူရေးအစာများကိုဆန်စက်များ၌ဖွဲ၊ဆန်ကွဲများရရှိနိုင်ပြီးမျိုးကောင်းမျိုးသန့်၊ရင်းနှီးမြုပ်နှံမည့်သူများနှင့်နည်းပညာအထောက်အပံ့များရရှိပါကကျေးရွာ၏မွေးမြူရေးကဏ္ဍတိုးတက်လာမည်ဖြစ်ပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ငွေတိုးချေးသူများထံမှအတိုးနှုန်းမြင့်မားစွာဖြင့်ချေးယူရခြင်း |
| ကူးစက်ရောဂါဖြစ်ပွားမှု | နွားခွာနာလျှာနာ၊ကြက်နာရောဂါ၊ဝက်နားရွက်ပြာရောဂါများဖြစ်ပွားခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာများပေးရန်လိုအပ် |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ငါးဖမ်းခွင့်လိုင်စင်လုပ်ပေးစေလိုခြင်း |
| ချေးငွေရရှိနိုင်မှု | ချေးငွေအချိန်ကာလတိုတောင်းခြင်း |
| အခြား | - |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်** မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်ငွေကြေးရင်းနှီးမှုများစွာလိုအပ်ပါသည်။လုပ်ငန်းလုပ်ကိုင်ရန်ပုဂ္ဂလိကငွေတိုးချေးသူများထံမှချေးငွေရရှိသော်လည်းအတိုးနှုန်းမြင့်မားမှု

ကြောင့်အမြတ်ငွေရရှိမှုနည်းပါးလှသည်။ကျေးရွာတွင်လယ်ယာလုပ်ငန်းလုပ်ကိုင်ရန်မွေးမြူထားသော ကျွဲ၊နွားများမှာပူပြင်းသောနွေရာသီ၌ခွာနာ၊လျှာနာအဖြစ်များပြီးသက်ဆိုင်ရာမည်သည့်ဌာနအဖွဲ့အစ ည်း
မှနည်းပညာအထောက်အပံ့နှင့်အသိပညာပေးဟောပြောပွဲများလာရောက်ဆောင်ရွက်ပေးသည်ကိုမတွေ့ ရှိရပါ။ကျေးရွာတွင်မွေးမြူရေးလုပ်ငန်း၌လာရောက်ဝယ်ယူသူရှားပါးပြီးကျေးရွာအတွင်း၌စားသုံးရန်သာ မွေးမြူသဖြင့်ဝင်ငွေရရှိမှုနည်းပါးလှသည့်လုပ်ငန်းဖြစ်သည်ကိုလေ့လာတွေ့ရှိရပါသည်။

### (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၄ | | - | လတ်(လခစားဝန်ထမ်းဖြစ် ၁၆၀၀၀၀ မှ၂၀၀၀၀၀) |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၅ | - | - | လတ်(တနေ့လုပ်တနေ့စား) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၉ | - | - | လတ်(ကုန်ဈေးနှုန်းမြင့်မားခြင်း) |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | ၁ | - | - | လတ်(ကုန်ဈေးနှုန်းမြင့်မားခြင်း) |

| စဉ် | **လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်းအရေအတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစုဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၅ | - | - | လတ်(လောင်စာဆီဈေးနှုန်းမြင့်မားခြင်း) |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | - | - | - | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် **ဘေးကင်းလုံခြုံရေး**) | - | - | - | - |
| ၁၃ | ပညာရေး | ၁ | - | - | လတ်(အစိုးရလခစား) |
| ၁၄ | ကျန်းမာရေး | - | - | - | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၇၂ | - | - | မြင့်(ကျဘမ်းနေ့စားအလုပ်သမားများ) |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | - | - | - | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၉၇ | **-** | **-** | |

**ရင်းမြစ်** …(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ကျေးရွာတွင်**အိမ်ထောင်စုအားလုံး၏(၅၃%)**သည်ကျဘမ်းလုပ်သားများဖြစ်ကြပြီး**အခြားလုပ်ငန်းလုပ်ကိုင်သူနည်းပါးသည်။ကျေးရွာတွင်ရွှေ့ပြောင်းလုပ်သားအချို့နှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင်လုပ်ကို

င်သူမိသားစုများမှာစားဝတ်နေရေးအသင့်အတင့်ရှိကြသည်။ကုန်သည်ဈေးရောင်းစားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သူများသည်ကုန်ဈေးနှုန်းကြီးမြင့်၍အမြတ်ငွေနည်းပါးကြသည်။ကျေးရွာတွင်ပညာရေးကဏ္ဍ၌လုပ်ကိုင်နေသူများနှင့်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီးစားဝတ်နေရေးအသင့်အတင့်ရှိပါသည်။နေ့စားအလုပ်သမားများများပြားသည့်အတွက်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီးပွားရေးလုပ်ငန်းများတွင်နိမ့်ပါးလျက်ရှိပါသည်။ကျေးရွာတွင် အသက်မွေးဝမ်း ကျောင်းပညာရပ်များတတ်မြောက်မှုအားနည်းသည့်အတွက်နေ့စားအလုပ်ကိုသာအားထားလုပ်ကိုင်နေကြရသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| လုပ်သားအင်အားများရှိခြင်း | **အလုပ်အကိုင်ရှားပါးခြင်းနှင့်နည်းပညာလိုအပ်ခြင်း** |
| အစိုးရချေးငွေများရနိုင်ခြင်း | **လုံလောက်သောချေးငွေပမာဏမရရှိခြင်း** |
| ကျောက်မှော်၊ရွှေမှော်များသို့ သွားရောက်လုပ်ကိုင်နိုင်ခြင်း | ကျေးရွာ၏လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သဖြင့်အခြားဒေသများသို့ ရွှေ့ ပြောင်းလုပ်ကိုင်နိုင်ခြင်း |
| | |
| | |
| | |
| | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်မှုအားနည်းသဖြင့်လုပ်သားအင်အားပေါများပြီးအလုပ်အကိုင်အခွင့်အလမ်းရှားပါးသည့်ပြဿနာနှင့်ရင်ဆိုင်နေရပါသည်။မြို့နယ်မှအဝေးပြေးကားများရပ်နားရန်ကားကြီးဝင်းတည်ဆောက်ရန်စီမံချက်များရှိသည်ကိုလည်းသိရှိရပါသည်။ယင်းစီမံချက်လက်တွေ့လုပ်ဆောင်ပါကကျေးရွာမှအလုပ်သမားများအနေဖြင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဟုလည်းမျှော်လင့်နေကြပါသည်။ကျေးရွာ၏လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သဖြင့်ကျေးရွာမှပြင်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။အထူးသဖြင့်ကျောက်မှော်၊ရွှေမှော်များနှင့်အခြားလုပ်ငန်းများ၌သွားရောက်လုပ်ကိုင်သူများရှိပြီးအချို့မှာလစားအလုပ်သမားများအဖြစ်လုပ်ကိုင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

ဇယား(၂၃-ခ)**စိုက်ပျိုးမွေးမြူရေး**မဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်**ပြဿနာနှင်အခက်အခဲ**များ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| အလုပ်အကိုင်ရှား | **အလုပ်ရုံ စက်ရုံများမရှိခြင်း** |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အသက်မွေးပညာအားနည်း | **နည်းပညာဖြင့်အသက်မွေးနိုင်ရန်အားနည်းသည်** |
| အရင်းအနှီးမရှိ | ချေးငွေအလုံအလောက်မရရှိခြင်းနှင့်ချေးငွေကာလတိုတောင်းခြင်း |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်း၌ပြင်ပမှစီးပွားရေးလုပ်ငန်းရှင်များလုပ်ကိုင်ရန်ရင်းနှီးမြုပ်နှံမှုအားနည်းသဖြင့်အလုပ်အကိုင်အခွင့်အလမ်းရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များနည်းပေးမည့်သူမရှိခြင်းလေ့လာသင်ယူမှုအားနည်းခြင်းတို့အတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအတွက်အဟန့်အတားဖြစ်နေပါသည်။ကျေးရွာတွင်စီးပွားရေးလုပ်ငန်းများအတွက်ကုန်ကြမ်းရရှိမှုနှင့်ထုတ်လုပ်မှုတို့မှာနည်းပါးသဖြင့်စီးပွားရေးလုပ်ငန်းရှင်များလာရောက်ရင်းနှီးမြုပ်နှံရန်စိတ်ပါဝင်စားမှုနည်းသည်ကိုလေ့လာတွေ့ရှိရပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

**ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **ရွှေ့ပြောင်း**လုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၃၃ | ၂၉ | ၇ | ၃၆ | ၂၆ | ၆ | ၃၂ | ၃ | ၁ | ၄ |
| ၂ | **ရွှေ့ပြောင်း**လုပ်ကိုင်သောကျေးရွာရှိလူဦးရေ | ၄၈၁ | - | - | - | - | - | - | - | - | - |
| ၃ | **ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ** | | | | | | | | | | |
| | ၃ လ အထိ | ၃ | ၃ | - | ၃ | ၃ | - | ၃ | - | - | - |
| | | | | | | | | | | | |
| | ၆ လ အထိ | ၇ | ၇ | ၂ | ၉ | ၇ | ၂ | ၉ | | | |
| | ၁၂ လ အထိ | ၁၂ | ၁၁ | ၁ | ၁၂ | ၁၁ | ၁ | ၁၂ | | | |
| | ၁၂ လ အထက် | ၁၁ | ၈ | ၄ | ၁၂ | ၅ | ၃ | ၈ | ၃ | ၁ | ၄ |

**ရင်းမြစ်** …(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သူများရှိပါသည်။ကျေးရွာအိမ်ထောင်စုအများစုမှာလယ်ယာလုပ်ငန်းသိမ်းပြီးချိန်တွင်လည်း ကျောက်မှော်နှင့်ရွှေမှော်များသို့သုံးလမှ

ခြောက်လထိသွားရောက်လုပ်ကိုင်ကြပါသည်။အိမ်ထောင်စုအနည်းငယ်သာခြောက်လမှတစ်နှစ်ထိသွား ရောက်လုပ်ကိုင်ကြသည်။ပြည်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိကြသည်။ပြင်ပသို့သွားရောက်လု ပ်ကိုင်ကြသူအများစုမှာလစား၊နေ့စားအလုပ်ဖြင့်ရေမဆေးကျောက်ရှာခြင်းတို့ကိုလုပ်ကိုင်နေကြပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ကျား ၂၉၊ မ ၇ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | |

**ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျား၂၉ဦး၊မ၇ဦး၊စုစုပေါင်း ၃၆ ဦးတို့သည်ရွှေ့ပြောင်းသွားလာရခြင်းမှာ ဖားကန့်၊ဆိုင်းတောင်၊လုံးခင်းဒေသများတွင်ကျောက်၊ရွှေတို့တူးဖော်ရန်နှင့်ဈေးရောင်းချရန်သွားရောက်ကြပြီးအချို့ မှာပြည်ပသို့သွားရောက်လုပ်ကိုင်ကြပါသည်။**

### (၂.၃.) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၉ | ၇ | √ | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၄ | | - | - | - |
| | - ဘဏ် | ၃ | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ၂ | | - | - | - |

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | - | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | - | | - | - | - |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အခြားတွင်အလုပ်သွားလုပ်ပြီးပြန်ပို့ငွေကိုမှီခိုနေရသည့်အိမ်ထောင်စု(၉)စု ရှိပြီးလူကြုံနှင့်အများဆုံးငွေလွှဲပို့ပြီးဘဏ်နှင့်ငွေလွှဲလုပ်ငန်းတို့ဖြင့်လည်းပို့ကြသည်ကိုတွေ့ရသည်။**

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

**ဇယား** (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| **ရွာမှအကွာအဝေး(မိုင်)** | မိုးညှင်းဈေး ၃ မိုင် | မြစ်ကြီးနား ၁၀၈ မိုင် |
| **သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ** | သုံးဘီး၊ဆိုင်ကယ်၊ကား | ကားလမ်း၊ရထားလမ်း |
| **ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု** | ဆန်စပါး၊အထွေထွေ | ဆန်စပါး၊အထွေထွေ |
| **ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု** | သွပ်မိုး၊အုတ်ခံ | သွပ်မိုး၊ အုတ်ကာ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဈေးမရှိပါ။ ကျေးရွာမှထွက်ရှိသောကုန် ပစ္စည်းများကိုမိုးညှင်းဈေးသို့ ဘသွားရောက်ရောင်းချကြရသည်။ကုန်စည်များသယ်ယူပို့ဆောင်ရာတွင်သုံးဘီး၊ ဆိုင်ကယ်၊ကားတို့ဖြင့်သယ်ယူကြရသည်။ ကျေးရွာတွင်စပါးကိုသာအဓိကထားစိုက်ပျိုးကြပြီးအခြားသီးနှံနှင့်ဟင်းသီးဟင်းရွက်များကိုမိုးညှင်းဈေးသို့သွားရောက်ရောင်းချကြသည်။ ကျေးရွာသည်မိုးညှင်းမြို့နှင့်(၃)မိုင်ခန့်သာဝေးပြီးလမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာမှထက်ရှိသောကုန်စည်များကို လွယ်ကူစွာသွားရောက်၍ရောင်းချနိုင်သည်။**

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်၊ သ မချေးငွေ) | ချေးငွေ | (၆)လ | ၁.၇ % | ပုံစံ ၇ | အချိန်မီမရရှိခြင်း |
| ပုဂ္ဂလိကဘဏ် | ချေးငွေ | ၆ လ | ၃% | | |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | - | ၆ လ | ၃% | - | - |
| အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ် | - | ၃ လ | ၅ % | - | - |
| ငွေချေးပေးသူ | - | - | - | - | - |
| အပေါင်ဆိုင် | လယ်၊ရွှေ | ၅ လ | ၁၅ % | - | - |
| မိတ်ဆွေနှင့်ဆွေမျိုးများ | - | ၃ လ | ၁၀ % | - | - |
| အခြား | - | - | - | - | - |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။**

**လေ့လာတွေ့ရှိချက်။ ။ အစိုးရစိုက်ပျိုးရေးဘဏ်နှင့် သမငွေစုငွေချေးဌာနများမှ ချေးယူနိုင်ပါသည်။ မြို့နယ်အစိုးရစိုက်ဘဏ်မှာ လယ်စပါးစိုက်ပျိုးချိန်ဖြစ်သော ဝါဆို၊ ဝါခေါင်လများတွင် ထုတ်ယူရရှိသည်။ အတိုးနှုန်းသက်သာသည့် ပြင်ပချေးငွေများ မရှိပါ။ ဆွေမျိုးများ မိတ်ဆွေများနှင့်ငွေတိုးချေးစားသူများ ထံတွင်အတိုးနှုန်းမြင့်မားစွာဖြင့် မကြာခဏ ချေးယူကြရသည်။**

**(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု**

**(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ**

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| **မြေဆီသြဇာ အခြေအနေ** | **လတ်** | |
| **အပင်မျိုးစိတ်များ** | လတ် | |
| **ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု** | လတ် | |
| **ရေရင်းမြစ်** | လတ် | |
| **ငါးမျိုးကွဲများ** | မြင့် | |
| **အခြားတိရစ္ဆာန်မျိုးကွဲများ** | မြင့် | |
| **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု** | မြင့် | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **ကျေးရွာတွင်** မြေယာများတိုးချဲ့စိုက်ပျိုးခြင်းကြောင့် မြေဆီသြဇာအခြေအနေ ဆုတ်လျော့နေပါသည်။ သစ်တောများမှ သစ်နှင့်ဝါးများအလွန်အကျွံခုတ်သဖြင့် အပင်မျိုးစိတ်များနှင့် အခြားတိရိစ္ဆာန်မျိုးကွဲများရှားပါးနေပါသည်။ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုဆိုင်ရာအသိပညာ အားနည်းပါသည်။ ကျေးရွာလူထုသည်ရေကိုစနစ်တကျသုံးစွဲခြင်း၊ ပလပ်စတစ်အိတ်များကိုပိုမိုများ ပြားစွာသုံးစွဲလာခြင်းကြောင့် ရေအရင်းအမြစ်ဆုံးရှုံးပြီးပတ်ဝန်းကျင်ညစ်ညမ်းနေပါသည်။ ငါးဆေးခပ်ခြင်း၊ ကျင်စက်တိုးခြင်းတို့ကြောင့် ငါးမျိုးစိတ်များရှားပါးနေပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

**ဇယား** (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | ၅ | ၇ | ၁% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၇ | ၁၂ | ၂၉ | ၅% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၇၆ | ၉၂ | ၁၆၈ | ၃၁% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၀၇ | ၁၃၄ | ၂၄၁ | ၄၅% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၄ | ၄၀ | ၆၄ | ၁၂% |

| **အတန်းပညာပြီးမြောက်မှု** | **ကျား** | **မ** | **ပေါင်း** | **၉ နှစ်နှင့်အထက် လူဦးရေ၏%** |
|---|---|---|---|---|
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၆ | ၉ | ၁၅ | ၃% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၃ | ၁၁ | ၁၄ | ၃% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၂၃၅** | **၃၀၃** | **၅၃၈** | **၁၀၀%** |

**ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ပညာရေးနှင့်စာတတ်မြောက်မှုကိုလေ့လာကြည့်ရာတွင် စာမတတ်**

**သူ(၇)ဦး၊ဘုန်းကြီးကျောင်းသင်ပညာရေး(၂၉)ဦး၊မူလတန်းပညာရေးမပြီးဆုံးသူ(၁၆၈)ဦး၊မူလတန်းပညာရေးပြီးဆုံးသူ(၂၄၁)ဦး၊အလယ်တန်းပညာရေးပြီးဆုံးသူ(၆၄)ဦး၊အထက်တန်းပညာရေးပြီးဆုံးသူ(၁၅)ဦး၊ တက္ကသိုလ်ပညာပြီးဆုံးသူ (၁၄)ဦး ရှိကြပါသည်။ ကျေးရွာတွင်နေထိုင်ကြသောလူဦးရေများအနက် မူလတန်းပညာရေး ပြီးဆုံးသူဦးရေအများဆုံးဖြစ်ပါသည်။**

## (၂.၇.၂) ကျောင်းတက်နှုန်း

**ဇယား** (၃၁) ကျောင်းတက်နှုန်း

| **ပညာရေးအဆင့်အတန်း** | **ကျား** | **မ** | **ပေါင်း** | **စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏** |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၄၇ | ၅၀ | ၉၇ | ၅၄**%** |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၆ | ၃၃ | ၄၉ | ၂၇**%** |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၅ | ၁၉ | ၂၄ | ၁၃% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၂ | ၇ | ၉ | ၅% |

**ရင်းမြစ်** … (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူတန်းကျောင်းအဆင့်ရှိပြီးမူလတန်း(၉၇)ဦး၊အလယ်တန်း (၄၉)ဦး၊ရှိပါသည်။အထက်တန်းတက်ရောက်နေသူကျောင်းသား/သူ(၂၄)ဦးနှင့်တက္ကသိုလ်တက်ရောက် နေသူ(၉)ဦးတို့ရှိကြသည်။**

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | **မူလတန်းကျောင်း** | |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ရွာတွင်းတွင်ရှိသည်။ | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၁၀၀ ပေ၊ ၂၄ ပေ၊ ၁၅ပေအရွယ်ရှိ | |

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်၊အုတ်နှင့်ကွန်ကရစ်(ကောင်း) | | | | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေအနေ | ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ၊ ကျောင်းအိမ်သာကောင်း | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | တခါတရံအဟာရကျွေးခြင်းများရှိ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | ၆ | ၆ | | | |
| ကျေးရွာခန့် | | | | | | |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အထကခွဲကျောင်းရွာအတွင်းမှာရှိပါသည်။ ကျောင်းသူကျောင်းသားအများစုမှာ ကျောင်းသို့ ခြေလျင်သွားကြသည်။ စက်ဘီးနှင့်လည်း အနည်းငယ် တက်ရောက်သည်။ ကျောင်းသုံးပရိဘောဂများ လိုအပ်မှုရှိပါသည်။ကျောင်းအိမ်သာလည်း ကောင်းပါသည်။ ကျောင်းတွင်အာဟာရတိုက်ကျွေးမှုတခါတရံဆန်ပြုတ်တိုက်ကျွေးမှုရှိပါသည်။ ကျောင်းဆရာ၊ ဆရာမဦးရေမှာ** ၆ **ဦးရှိပါသည်။ အားလုံးအစိုးရခန့်ဖြစ်ပါသည်။**

### (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | ၆ |
| တပည့် - ဆရာ အချိုး | - |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အသင့်သင့် |
| **ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု** | - |
| **ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု** | ကျောင်းတွင်အားကစားကွင်းရှိသော်လည်းအားကစားပစ္စည်းမရှိပါ။ |
| **မိဘဆရာအသင်း၏အခန်းကဏ္ဍ** | - |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ စာသင်ကျောင်းမှာ အဝေးပြေးလမ်းနှင့်နီးသောကြောင့်ယာဉ်တိုက်မှု အန္တရာယ်ရှိသည်။ ကျောင်းဆရာ/ဆရာမများ၏ငွေကောက်ခံမှုရှိသည်။ ကျောင်းသားမိဘများကပညာ ရေးစိတ်ဝင်စားမှုအားနည်းသည်။ ဆရာဆရာမများနှင့်ကျောင်းသားမိဘများ စည်းလုံးမှုမရှိသောကြောင့် ပညာရေးအတွက် အခက်အခဲပြဿနာများနှင့်ရင်ဆိုင်ရသည်။**

**(၂.၈) ကျန်းမာရေးနှင့်အာဟာရ**

**(၂.၈.၁) အဖြစ်များသောရောဂါများ**

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|---|
| | | *မြင့်* | *နိမ့်* | *မရှိ* | |
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်* | | | *မိုးတွင်းကာလတွင်ဖြစ်တတ်သည်။* |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်* | | | *ခြင်ပေါက်ဖွားခြင်းမှဖြစ်တတ်သည်။* |
| *၃* | ငှက်ဖျား | *မြင့်* | | | *မိုးတွင်းကာလတွင်ဖြစ်တတ်သည်။* |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်* | | | |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | *နိမ့်* | | *မူးယစ်ဆေးသုံးစွဲသူများနေခြင်း၊ရွှေ့ ပြောင်းလုပ်သားများမှတဆင့်ကူးစက်* |
| *၆* | တီဘီ | | √ | | *အသက်ရှူလမ်းကြောင်းမှတဆင့်ကူး* |
| *၇* | ဆီးချို | | √ | | *ကျန်းမာရေးဗဟုသုတနည်းခြင်း* |
| *၈* | သွေးတိုး | | √ | | *ကျန်းမာရေးဗဟုသုတနည်းခြင်း* |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | | √ | | *ကျန်းမာရေးဗဟုသုတနည်းခြင်း* |
| *၁၀* | အာဟာရချို့တဲ့မှု | | √ | | *ဆင်းရဲပြီးငွေကြေးမလုံလောက်ခြင်း* |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | | √ | | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာကြပြီး အဟာရ ပြည့်ဝမှုရှိကြသည်။ မိုးရာသီနှင့်ရာသီဥတုအကူးအပြောင်းတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမြင့် သည်။ ခြင်ကိုက်ခြင်းကြောင့်ဖြစ်တတ်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါများလည်းအဖြစ်များ သည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါမှာလည်းမြင်သည်။ တီဗီ၊ ဆီးချို၊အသည်းရောဂါ (ဘီပိုး၊စီပိုး) တို့ဖြစ်ပွားမှု အနည်းငယ်ရှိသည်ကိုတွေ့ရသည်။**

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | √ | | *ကျေးရွာအရောက် ကျန်းမာရေး ဌာနမှ လာရောက်ကုသ ကာကွယ်ဆေးထိုးပေးသည်။* |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | *ကျေးရွာအရောက် ကျန်းမာရေး ဌာနမှ လာရောက်ကုသ ကာကွယ်ဆေးထိုးပေးသည်။* |
| ၃ | ပိုလီယိုရောဂါ | √ | | *ကျေးရွာအရောက် ကျန်းမာရေး ဌာနမှ လာရောက်ကုသ ကာကွယ်ဆေးထိုးပေးသည်။* |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | | *ကျန်းမာရေးဌာနမှ အခမဲ့ကုသသည်။* |
| ၅ | ဝက်သက်ရောဂါ | √ | | *ကျန်းမာရေးဌာနမှ အခမဲ့ကုသသည်။* |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | √ | | *ကျန်းမာရေးဌာနမှ အခမဲ့ကုသသည်။* |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | | *ကျန်းမာရေးဌာနမှ အခမဲ့ကုသသည်။* |
| ၈ | အာဟာရပညာပေးအစီအစဉ် | √ | | |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ကာကွယ်ဆေးထိုးနှံခြင်းကိုကျေးလက်ကျန်းမာရေးဌာနမှကျေးရွာများသို့ကွင်းဆင်း၍ ထိုးနှံပေးပါသည်။**

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ရွာတွင်းရှိ | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) –<br>ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | မလုံလောက် | |
| တိုက်နယ် ဆေးရုံ | | မရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ခတ်ခွဲကျွမ်းကျင်- | | |
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | | | ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ခတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | ၂၃မိုင်ခန့် | | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ- | | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်းမရှိပါ။ ဆေးဝါးများလုံလောက်မှုလည်းမရှိသဖြင့်အရေးကြုံကမြို့နယ်ဆေးရုံသို့သွားရောက်ကြရပါသည်။ ဆေးရုံသွားလမ်းမှာ(၃)မိုင်ခန့်သာကတ္တရာလမ်းဖြစ်ပါသည်။ကျေးရွာသူကျေးရွာသားများမှာ မြို့နယ်ဆေးရုံနှင့်လက်လှမ်းမီသော်လည်း ကျန်းမာရေးအသိပညာဗဟုသုတအားနည်းလျက်ရှိနေပါသည်။ ကျေးရွာအိမ်ထောင်စုအများစုမှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်သဖြင့် ဆေးရုံဆေးခန်းများနှင့် တက်ရောက်ကုသရာတွင် ငွေကြေးမတတ်နိုင်သည့်အခက်အခဲများလည်းကြုံတွေ့နေရပါသည်။**

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁၆ | ကောင်း | √ | √ | √ | |
| အဝီစိတွင်း (စက်တပ်) | | | | | | |
| အဝီစိတွင်း/တုံကင် | ၁၀၈ | ကောင်း | √ | √ | √ | |
| ကန် | - | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | - | | | | | |

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | | | | | |
| အခြား | - | | | | | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ **ကျေးရွာတွင် ရေတွင်း(၁၆)တွင်းနှင့် အဝီစိတွင်း(တုံကင်) ၁၀၈တွင်းရှိသည်။ တစ်နှစ်ပတ်လုံးရေလုံလောက်မှုရှိပြီးသောက်သုံးရန်သင့်တော်ပါသည်။** နွေရာသီ၌ရေများအနည်းငယ်ခန်းခြောက်သွားသော်လည်း ရေကိုလုံလောက်စွာသုံးစွဲနိုင်ကြပါသည်။

## (၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၁၂၈ | |
| ကျင်းအိမ်သာ | ၅ | |
| မြေပေါ် အိမ်သာ | - | |
| တောထိုင် | | |
| **စုစုပေါင်း** | **၁၃၃** | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ယင်လုံအိမ်သာမှာ(၁၂၈) လုံး အသုံးပြုလျက်ရှိပြီး ကျန်(၅)အိမ်ထောင်စုမှာကျင်းအိမ်သာဖြစ်သည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | *ကျား-မ ကိစ္စရပ်ဆိုင်ရာ* | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | | √ | |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | √ | | |

| # | *ကျား-မ ကိစ္စရပ်ဆိုင်ရာ* | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| ၃ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | | √ | |
| ၄ | **အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု** | | | |
| ၅ | အခြား (ရှိလျှင်) | | | |

**ရင်းမြစ်…** (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု၊ခေါင်းဆောင်မှုများအနည်းငယ်ရှိသည်။ဘာသာရေး၊သာရေး၊နာရေးကိစ္စရပ်များတွင်ဦးဆောင်သောအမျိုးသမီးကြီးများနှင့်အပျိုခေါင်းအဖွဲ့များရှိသည်။**

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| **ရွာတွင်းလမ်း** | **၁** | **ဆိုး** | | | | **၃ မိုင်** |
| **ချဉ်းကပ်လမ်း** | | | | | | |
| **ရွာချင်းဆက်လမ်း** | ၁ | ဆိုး | | | | ၀.၅ **မိုင်** |
| **အခြား** | | | | | | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃**

**လေ့လာတွေ့ရှိ။ ။ ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီးမိုးတွင်းကာလတွင်သွားလာရန်အလွန်ခက်ခဲပါသည်။ ချဉ်းကပ်လမ်း(၂)မိုင်မှာလည်းမြေသားလမ်းဖြစ်ပြီးမိုးတွင်းကာလသွားလာရန်ခက်ခဲပါသည်။**

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | | | | |
| ကွန်ကရစ်တံတား | ၁၄/၁၂ ပေ | ကောင်း | ၂၀၁၂ | - | √ |
| ကြိုးတံတား | - | | | | |
| ရေပြွန် | ၂ပေခွဲ | ကောင်း | ၂၀၁၂ | | |
| အခြား | ၂၅/၁၅ ပေ | ဆိုး | ၂၀၀၆ | | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၂၀၀၆ခုနှစ်၌ အလျား၂၅ပေ အနံ ၁၅ပေရှိသောသစ်သားတံတား ကိုကျေးရွာကိုယ်ထူကိုယ်ထစနစ်ဖြင့်တည်ဆောက်ခဲ့ပါသည်။ ယခုအချိန်တွင်တံတားမှာ ရာသီဥတုဒဏ် ကြောင့်ယိုယွင်းပျက်စီးနေပါသည်။**

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) **ရေကြောင်း** သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | | | |
| ပင်လယ်ရေကြောင်း | - | | | |
| အခြား | - | | | |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါ။**

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၁၉၅ | ၁၆၉ | ၂ | ၅ | - | ၄၃ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၁၉၅ စီး၊ မော်တော်ဆိုင်ကယ်** ၁၆၉ **စီး၊ထော်လာဂျီ** ၂ **စီး၊ ကား(၅)စီး နှင့်နွားလှည်း(၄၃)စီး ရှိပြီး အများစုမှာတပိုင်တနိုင်သွားလာရေးနှင့်သယ်ယူပို့ဆောင်ရေးအတွက်ဆိုင်ကယ်ကိုအများဆုံးအသုံးပြုကြသည်။**

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (**၄၄**) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | ၇၄ | သင့် | ရှိ |
| ဆိုလာစနစ် | ၆၄ | သင့် | မရှိ |
| အသေးစားရေအားလျှပ်စစ် | - | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | - | | |
| ဇီဝလောင်စာ | - | | |
| အခြား | - | | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မဟာဓာတ်အားလိုင်းနှင့်ပါတ်သက်၍အခက်အခဲရှိပါသည်။ ကျေးရွာတွင်းဆွဲထားသောမိးကြိုး၊မီးတိုင်များမှာလုံလောက်မှုမရှိပါ။**

## (၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (**၄၅**) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဗြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၂၂၁ | ၂၀ | ၉၄ | ၆၇ | |

**- ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်သတင်းအချက်အလက်နှင့်နည်းပညာနှင့်ပါတ်သက်၍ တယ်လီဖုန်း ၂၂၁ လုံး။ရေဒီယို ၂၀ လုံး တီဗွီ ၉၄ လုံး ဗြိုလ်တုစလောင်း ၆၇ ခုရှိပါသည်။**

## (၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

**ဇယား** (၄၆) **ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား | သီးသန့်မရှိ၊တီဗွီရုပ်မြင်သံကြားကြည့်ရှုကြသည်။ |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| လက်လှမ်းမီမှု | |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | တက်ကြွစွာပါဝင်ကြသည်(အားလပ်ချိန်များ) |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ဓမ္မစကူးလ်များတွင်တက်ကြွစွာပါဝင်ကြပါသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားကစားပစ္စည်းများ မရှိ၊အားကစားကွင်းမကောင်း |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | မဖြစ်မနေပါဝင်ကြရသည် |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | အားနည်းသည် |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အား လက်လှမ်းမီမှု | စာကြည့်တိုက် ဖွင့်လှစ်ထားပေးပါသည်။ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ အားကစားနှင့်အားကစားပစ္စည်းများတွင်လည်း လက်လှမ်းမီမှုအားနည်းသည်။ဘော့လုံးအနည်းအကျဉ်း ကစားကြသည်။ ယာဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် ရိုးရာပွဲများ အတွက်ရှမ်းရိုးရာယဉ်ကျေးမှုမှသင်ကြား ပေးပါသည်။ရိုးရာယာဉ်ကျေးမှုနှင့်ဆိုင်သောတူရိယာများ၊အသိပညာများ၊အတတ်ပညာများအတွက်လ က်ဆင့်ကမ်းလက်လှမ်းမီမှု အလွန်အားနည်းပါသည်။စာကြည့်တိုက်ရှိသော်လည်း လူငယ်များမှာ မိမိအိမ်တွင်းရေး၏စီးပွားရေးတွင်အဓိကလုပ်ကိုင်နေရသောကြောင့်စာဖတ်ချိန်မရှိအားနည်းကာစာတ တ်သူနည်းပါးလာခဲ့သည်။**

**(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| **ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု** | **ဆက်သွယ်ရေးကိုတယ်လီဖုန်းဖြင့်အသုံးပြုကြပြီး** |
| **အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု** | **မရှိ** |
| **လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်** | **မရှိ** |
| **ရဲစခန်းများအား လက်လှမ်းမီမှု** | **၃ မိုင်ခန့်ဝေးသောမိုးညှင်းမြို့တွင်ရဲစခန်းရှိသည်။** |
| **အခြား** | - |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးသည်။ ခိုးမှုအနည်းငယ်ရှိသည် ကျေးရွာသားများသည်မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုပြီးလိုအပ်သောသတင်းအချက်အလက်များအတွက်ဆက်သွယ်သိရှိနိုင်ကြသည်။ အာမခံလုပ်ငန်းလက်လှမ်းမီမှုမရှိ၍ အာမခံလုပ်ငန်းအား စိတ်ဝင်စားမှုအားနည်းသည်။ ချိတ်ဆက်ဆောင်ရွက်မှုမရှိချေ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ဗဟုသုတနည်းပါးကြသည်။ရွာသားများလိုအပ်ပါက ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်သော်လည်း ရဲဝန်ထမ်းအားနည်းပြီး ကျေးရွာနှင့်ရဲစခန်း ၃ မိုင်ခန့်ဝေးသောကြောင့် မှုခင်းဖြစ်ပွားပါကအချိန်မီမရောက်ရှိနိုင်ပေ။ ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးသည်။**

**(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု**

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /**သာမန်** | ၂ | ၁ | ၁ | ၂ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ခိုးမှုနှင့်မူးယစ်ဆေးသုံးစွဲမှုအခြေအနေမှာ သာမန်အခြေအနေဖြစ်သည်။ ကျေးရွာတစ်ရွာနှင့်တစ်ရွာဝေးသောကြောင့် ညအချိန်အခါများ၊ လူသွားလူလာပြတ်သည့်အချိန်များတွင်ကျေးရွာချင်းဆက်လမ်းပေါ်၌အကြမ်းဖက်လုယက်မှုများ ဖြစ်ပွားလာသည်ကိုတွေ့ရသည်။**

**နောက်ဆက်တွဲ ၂**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| **အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ** | **ရှင်းလင်းဖော်ပြချက်** |
|---|---|
| • သဘာဝအရင်းအမြစ်များ | သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူ များလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပြီးရောင်းချနိုင်သည်။ စပါးနှင့်မြေပဲ ကိုအဓိကစိုက်ပျိုးကြသည်။ |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ | ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| အားသာချက် | ဒေသတွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရကတ္တရာလမ်းတချို့၊မြေသားလမ်းတချို့ဖြစ်ပြီးမိုးတွင်းကာလတွင် သွားလာရန်ခက်ခဲပါသည်။ |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းသော်လည်းမူးယစ်ဆေးသုံးစွဲသူများအပမျာအပြားရှိပါသည်။ |
| • ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာအတွင်းတွင်ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ မရှိပါ။ ပြင်ပ ပုဂ္ဂလိ က ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက် ရန် လွန်စွာအထောက်အပံ့ကောင်း များဖြစ် စေပါသည်။စိုက်ပျိုးရေးဦးစီးဌာနနှင့်မွေး/ကုဦးစီးဌာနတို့မှနည်းပညာများပေးပါသည်။ |
| • ဆက်သွယ်ရေး | ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင် တာ နက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်း မွန်ပြီး အခြားသတင်းအချက် အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ |
| • ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ | ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း မိုးညှင်းမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ |
| • ကျေးရွာလျှပ်စစ်မီး | ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာ ပြီးကျေးရွာ၏လူနေမှုအဆင့်တန်းမြင့်မားစေပါသည်။ |

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု | ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အား ပြိုင်မှုအချို့ ရှိနေ ကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင် ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင် ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်း ကြောင်း တွေ့ ရှိရသည်။ |
| • သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ | စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်း များ ထပ်မံ မတိုးချဲ့ နိုင်တော့ ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ် မှု တိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ |
| • ကျန်းမာရေးဝန်ဆောင်မှု | ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်းဆေးဝါးမလုံလောက် သောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (မိုးညှင်းမြို့နယ်ဆေးရုံများသို့)သွားရောက်ကုသရသ ဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။ |

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ရပ်မိရပ်ဖအုပ်စု** | | | | | |
| | ကျေးရွာတွင်းလမ်းမကောင်းခြင်း<br>ကျေးရွာတွင်းတံတားမကောင်းခြင်း | • မြေသားလမ်းဖြစ်နေခြင်း၊<br>• ဝန်တင်ယာဉ်ကြီးများဖြတ်ခြင်း<br>• လမ်းရေကျော်ခြင်း<br>• ရေတိုက်စားခြင်း | .သဲကျောက်သယ်ယူရန်ထော်လာဂျီများရှိခြင်း၊လုပ်သားအင်အားရှိခြင်း | • ရန်ပုံငွေမလုံလောက်ခြင်း၊<br>• နည်းပညာမရှိခြင်း<br>• ဦးဆောင်မည့်သူမရှိခြင်း<br>• သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှုအားနည်း ခြင်း | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• နည်းပညာတောင်းခံတင်ပြခြင်း | - ကျေးရွာတွင်းကွန်ကရစ်လမ်းနှင့်ကွန်ကရစ်တံတားအဆင့်မြင့်တင်ပေးခြင်း၊ |
| | လူငယ်များမူးယစ်ဆေးဝါးအန္တရာယ်ရှိခြင်း | • မူးယစ်ဆေးဝါးရောင်းချသူပေါများခြင်း | • နန့်မွန်းရဲစခန်းရှိခြင်း၊<br>• မိုးညှင်းဆေးရုံတွင်မူးယစ်ဆေးဝါးဖြတ်ရန်အခမဲ့ဆေးပေးခြင်း၊ | • မူးယစ်ဆေးဝါး<br>• ရောင်းသူများအားအရေးယူမှုနည်းခြင်း၊<br>• | • ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ကျေးရွာနှင့်အနီးဆုံးနေရာတွင်ဆေးဖြတ်ဆေးရုံဆောက်ပေးခြင်း | - မူးယစ်ဆေးဝါးကိုတိတိကျကျနှိမ်နှင်းရန်<br>- ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများပေးရန် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | • နန်းမားကျေးရွာတိုက်နယ်ဆေးရုံတွင် မူးယစ်ဆေးဖြတ်ရန်နေရာရှိခြင်း၊ | | | |
| | • အရင်းအနှီးများမလုံလောက်ခြင်း | • ဆင်းရဲခြင်း<br>• စိုက်ပျိုးမွေးမြူရေးများဆောင်ရွက်ရန်အရင်းအနှီးမလုံလောက်ခြင်း | • သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများကွင်းဆင်းဆောင်ရွက်မှုရှိခြင်း | • ငွေကြေးအရင်းအနှီးအလုံအလောက်ထုတ်ချေးပေးသည့်အဖွဲ့အစည်းမရှိခြင်း | • သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | - ကျေးရွာအားမြစိမ်းရောင်စီမံကိန်းချပေးခြင်း၊ |
| | • စိုက်ပျိုးရေမလုံလောက်ခြင်း | • စိုက်ပျိုးရေမလုံလောက်သဖြင့်အချိန်မီမစိုက်ပျိုးနိုင်ခြင်း | • စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆည်မြောင်းဦးစီးဌာနများရှိခြင်း | • စိုက်ပျိုးရေမလုံလောက်သဖြင့်စပါး အထွက်နှုန်းလျော့နည်းခြင်း | • ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | - ဆည်များဆောက်လုပ်ပေးခြင်း၊<br>- စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာများပေးခြင်း |
| | • ကျေးရွာချင်းဆက်လမ်းများမကောင်းခြင်း | • ချဉ်ကပ်မြောင်းများမရှိခြင်းနှင့်ကျောက်ချောလမ်းများအရည်အသွေးမပြည့်မီခြင်းတို့ကြောင့် | • ကျေးရွာလမ်းများကိုပုဂ္ဂိုလ်အလှူရှင်များကပြင်ဆင်ပေးနေခြင်းနှင့်ကားလုပ်သားအင်အားများစုစည်းပါဝင်မှုရှိ | • နည်းပညာအားနည်းခြင်းနှင့်လမ်းပြင်ရာတွင်သဲ၊ကျောက်များရရန်အတွက်အခက်အခဲရှိနေ | • သဲကျောက်များစုဆောင်းခြင်းလမ်းများကူးသန်းသွားလာသောကားကြီးများအားဝန်ချိန်သတ် မှတ်ထားရန်နှင့် | - လမ်းများတည်ဆောက်ရာတွင်ခေတ်နှင့်လျော်ညီသောဆက်သွယ်ရေးလမ်းကိုအဆင်ပြေချောမွေ့အောင်<br>လူထုနှင့်အစိုးရအင်ဂျင်နီ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | နေခြင်း | ပါသည်။ | ဥပဒေများထုတ်ပြန်ပေးရန် | ယာများလက်တွဲညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ |
| | • <br>• အလုပ်လုပ်ရာတွင် အဖွဲ့အစည်းများ ပါဝင်မှုအားနည်းခြင်း<br>• တိုးတက်မှုလမ်းစများအား နည်းနေခြင်း | • <br>• ခေါင်းဆောင်ပြောဆိုသည်ကိုလက်ခံသောဓလေ့ရှိနေခြင်း<br>• လူအစွမ်းနှင့်လုပ်ဆောင်ချက်များကို ပြသခွင့်၊ အသုံးချခွင့် မရှိသေးခြင်း | • <br>• ပွင့်လင်းမြင်သာမှုရှိသည်ကိုသိရှိခြင်း<br>• စုပေါင်းလုပ်ဆောင်တတ်သောအလေ့အထကို လေ့ကျင့်လုပ်ဆောင်ခြင်း | • <br>• အတိုက်အခံများရှိနေခြင်း<br>• အမှားလုပ်ရပ်များ စိုးမိုးနေသဖြင့် အမှန်တရားများဆောင်ရွက်ရန် အခက်အခဲရှိနေပါသည်။ | • <br>• တစ်ဦးနှင့်တစ်ဦး တိုင်ပင်ညှိနှိုင်း၍ ဖြစ်စေ၊ အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့ ရင်းနှီးမှုရရှိအောင် စုပေါင်းလုပ်ဆောင်ခြင်း | - <br>- ယုံကြည်မှုများခံယူချက်များကွဲလွဲမှုများရှိနေသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် နောက်ကျနေသည်ကို တွေ့ရှိနေရပါသည်။ သို့ပါကမာနများမရှိကြပဲ စုပေါင်းလုပ်ဆောင်ရန် လိုအပ်ပေသည်။ |
| ၂ | **လယ်သမားအုပ်စု** | | | | | |
| | • တိုးချဲ့မြေရှိသော် လည်းဒေသတွင်း လုံခြုံမှုမရှိခြင်း<br>• ငွေအရင်းအနှီးစိုက်ထုတ်နိုင်မှုအင်အားမရှိခြင်း | • လယ်ယာမြေတိုးချဲ့ရာမှာဒေသနှင့် အလှမ်းကွာဝေးသဖြင့်သွားလာရာလမ်းများမရှိပေ။<br>• နေရာအနှံ့ကန် | • အလုပ်လက်မဲ့ဖြစ်နေသူများကို တိုးချဲ့လယ်ယာမြေတွင် နေရာချထားပေးရန်<br>• တန်းတူညီတူအခွင့် | • လယ်ယာမြေစီမံကိန်းတွင်ငွေရှင်ကြေးရှင်များအား ဦးစားပေးနေသည်ကိုတွေ့ရှိနေရပါသည်။ | • အငြင်းပွားမှုမရှိအောင်ဆောင်ရွက် စီမံပေးသင့်ကြောင်းနှင့်လယ်သမားတို့၏ဘဝမြင့်တင်ပေးရန်မှာ မလွဲကေန် | ○ ဆန်စပါးများကိုတင်ပို့ရောင်းချရာတွင်အသေးစားကုန်သည်များမှသာ ဝယ်ယူနေခြင်းကြောင့် လယ်သမားများအကျိုးခံစားမှုလွန်စွာနှောက် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ထရိုက်များနေရာ ယူနေခြင်းတို့ ကြောင့် ဖြစ်သည်။ | အရေးပေးရန် | | လိုအပ်ကြောင်း | နေးလျက်ရှိပေသည်။ ထို့ကြောင့်စပါးဝယ်ရာ တွင်ကုန်သည်အကြီးစား နှင့်ပွဲရုံများရှိရန်လိုအပ် ပေသည်။ |
| | • စပါးများစိုက်ပျိုး ရာတွင်ခေတ်မီသိပ္ပံ နည်းကျစိုက်ပျိုး စနစ်ကျင့်သုံးမှုမရှိ ပေ။<br>• စိုက်ပျိုးရေးပညာ ရှင်လုံလောက်မှုမ ရှိ သေး။ | • မိရိုးဖလာစိုက်ပျိုးခြ င်းနှင့်ခေတ်သစ် စိုက်ပျိုးနေသော စိုက်ပျိုးစနစ်များကို လေ့လာမှုမရှိခြင်း | • စိုက်ပျိုးပညာရှင် များအားစိုက်ကွင်း ထဲသို့ကွင်းဆင်း၍ လယ်သမားများ အားပညာပေဟော ပြောခြင်းများပြုလု ပ်သင့်ပေသည်။ | • လယ်သမားများ သည်လေ့လာမှု အားနဲခြင်းနှင့် သမာရိုးကျစိုက် ပျိုးနည်းများကို လက်ကိုင် စိုက်ပျိုးနေလျက် ရှိနေသည်။ | • စိုက်ပျိုးရေးနှင့်ပတ် သက်သောပညာပေး ရန်ယခုအချိန်တွင် ဆောင်ရွက်ပေးသင့် ပေသည်။ | ○ အရည်အသွေးများကို မြှင့်တင်ရာတွင်ပညာရှင် များလုံလောက်စွာမွေး ဖွားပေးရန်စီမံကိန်းတစ် ရပ် အနေဖြင့်ဆောင်ရွက် သင့်ပါသည်။ |
| | • စိုက်ပျိုးစရိတ်အတွ က်ချေးငွေများ အချိန်မီမရရှိခြင်း<br>• လယ်ယာသုံးစရိတ် စခများဈေးကြီး နေခြင်း | • ငွေကြေးလုံလောက် မှုမရှိခြင်း<br>• အချိန်မီမစိုက်ပျိုးနို င် ခြင်းနှင့်စိုက်စ ရိတ်စခများဈေး ကြီးနေပါသည်။ | • အချိန်နှင့်တစ်ပြေး ညီချေးငွေများ ထုတ်ချေးရန် နိုင်ငံ ခြားဝင်ငွေများ ရရှိ အောင်ဖန်တီးပေး ရန်အနေးနှင့်အမြန် လိုအပ်ပါသည်။ | • ချေးငွေများအချိန် မီမရောက်ရှိပေ။<br>• လယ်ယာထွက် သီးနှံများဈေးကွ က်မရှိသဖြင့်လွန် စွာပင်အခက်ကြုံ နေရပါသည်။ | • ဘဏ်ချေးငွေများကို လယ်သမားလက်ထဲ သို့အချိန်မီရောက်ရှိ အောင်ဆောင်ရွက် ရန်လိုအပ်နေပါ သည်။ | ○ လယ်ယာသုံးစက်နှင့် စက်ပစ္စည်းများကို တွင်ကျယ်စွာအသုံးပြု နိုင်ရန်အတွက်လက်ရှိ ဈေးနှုန်းထက်ပို၍ လျှော့ ရန်မှာအထူးပင် လိုအပ် နေပါသေး သည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • ဩဇာဖြင့်မအုပ်ချုပ်ပဲအာဏာနှင့်အုပ်ချုပ်မှုရှိနေ<br>• ဘက်လိုက်မှုများ အသက်ရှင်နေခြင်း | • အခွင့်ထူးခံပုဂ္ဂိုလ်များနှင့်အတ္တကြီးသူစိုးမိုးမှုများရှိနေပါသည်။ | • လက်ရှိအစိုးရလက်ထက်တွင် ဥပဒေစိုးမိုးမှုရှိလာအောင် အကောင်အထည်ဖော်ရန်အနေးနှင့်အမြန်လိုအပ်ပါသည်။ | • ကိုယ်ရည်ကိုယ်သွေးနှင့်အတွေ့အကြုံများမရှိခြင်း ဗဟုသုတ မရှိပေ။ | • အုပ်ချုပ်ရေးသင်တန်းများပေးရာတွင် အားနဲနေခြင်းနှင့်ပြောင်းလဲမှုမရှိသေးခြင်း။ | ○ လူသားများ စည်းကမ်းလိုက်နာရန်အတွက်မှာ ဥပဒေသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်နေသဖြင့် ဥပဒေစိုးမိုးနိုင်ရန်အတွက် ဆောင်ရွက်ရာမှာအလွန်ပင်နောက်ကျနေသည်ကို ခံစားတွေ့မြင်နေရပါသည်။ |
| | • ကုန်ထုတ်လမ်းမရှိသဖြင့်လမ်းများ ဖောက်လုပ်ပေးရန်<br>• ထုတ်ကုန်များလျင်မြန်စွာမရောက်နိုင်ခြင်း | • စပါးများရိတ်သိမ်းပြီးသော်လည်း ထုတ်ကုန်လမ်းမရှိသဖြင့် တောင်သူများ အခက်ကြုံနေရ ပါသည်။ | • ကုန်သွယ်မှုလမ်းများရှိပါကဈေးကွက်သို့လျင်မြန်စွာရောက်ရှိလာနိုင်သည်။ | • စိုက်ခင်းသို့သွားလာရန်လမ်းမရှိသဖြင့်စိုက်ပင်များ အောင်မြင်နိုင်မှု လျော့နည်းလာ နိုင်ပါ သည်။ | • ပြည်သူများအခက်ကြုံတွေ့နေရသော ထုတ်ကုန်လမ်းများကိုဖောက်လုပ်ရန် လိုအပ်ပါသည်။ | ○ စပါးတို့သည်လယ်သမားတို့၏ အသက်သွေးကြောများဖြစ်သဖြင့်ကူးလူးဆက်သွယ်သွားလာနိုင်သော ကုန်ထုတ်လမ်းများအားသင်လျော်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • စိုက်ပျိုးရေးလုံလောက်စွာမရရှိမှု<br>• စိုက်ပျိုးမြေဆီကုန်ခမ်းမှု<br>• သဘာဝမြေသြဇာလုံလောက်စွာမရရှိခြင်း | • လယ်ရေသွင်းကျေးထိုင်မြောင်းများပျောက်ကွယ်ခြင်းနှင့် တိမ်ကောမှုများရှိနေပါသည်။ | • ဆည်မြောင်းများကိုရေစီးရေလာကောင်းအောင်ပြုပြင်ဆောင်ရွက်ခြင်းနှင့် သဘာဝမြေသြ ဇာများကိုအသင့်အတင့်ကျွေးရန် | • စိုက်ပျိုးရေများအတွက်လုံလောက်စွာမရရှိခြင်းသဘာဝမြေသြဇာများ ကျွေးရာမှာအားနည်းလာခြင်းနှင့်ဓာတ်မြေသြ ဇာများကိုမသုံးစွဲနိုင်ခြင်း | • ဆည်မြောင်းများကိုပြုပြင်ရန်မျိုးကောင်း မျိုးသန့်ရရှိလာအောင်ဖန်တီးပေးရန်ခေတ်နှင့်လျော်ညီသော စိုက်ပျိုးစနစ်များကို သင်ကြားပေးရန် လိုပါသည်။ | ○ နှစ်ကာလများစွာပျက်စီးလာသောဆည်မြောင်းများကိုစနစ်တကျဆောင်ရွက်ပေးရန်နှင့်ဓာတ်မြေသြဇာများကိုအရည်အသွေးပြည့်မီအောင်စိစစ်ရန်လိုအပ်လျက်ရှိပါသည်။ |
| ၃ | **လူငယ်အုပ်စု** | | | | | |
| | • ခရီးသွားလာမှုများခြင်း<br>• လုပ်အားခအပြည့်အဝမရရှိခြင်း | • မိသားစုဝမ်းစာမဖူလုံ၍ခရီးများထွက်ပြီးငွေရှာရခြင်း<br>• နေ့ဝင်မိုးချုပ်အလုပ်လုပ်ကိုင်နေရခြင်း | • နေ့စားလုပ်ခများရရှိအောင်ဆောင်ရွက်ပေးခြင်း<br>• အလုပ်လုပ်ချိန်များ သတ်မှတ်ခြင်း | • အလုပ်လုပ်ရန်အတွက်နှင့်ဝင်ငွေပုံမှန်ရရှိရန်အခက်အခဲရှိခြင်း<br>• လုပ်အားခအပြည့်အဝမရရှိခြင်း | • အလုပ်ရှင်နှင့်အလုပ်သမားများပြေလည်မှုရှိအောင်ဆောင်ရွက်ခြင်း | –မိမိကျေးရွာတွင် အလုပ်ရှာထွက်သောလူငယ်များလုပ်အားယိုစီးမှုများသဖြင့်မိမိကျေးရွာတွင်အလုပ်အကိုင်ရရှိရန်နည်းဗျူဟာများကိုအစိုးရဌာနနှင့်ဆက်သွယ်ဆောင်ရွက်ပေးရန် |
| | • ပညာတတ်များထွက်ပေါ်လာခြင်း | • မိမိကျေးရွာတွင်ဘက်စုံဖွံ့ဖြိုးတိုးတက်လာ | • ကျေးရွာဖွံ့ဖြိုးရေးနှင့်လူမှုရေးကဏ္ဍ | • လူငယ်များအားဦးဆောင်နိုင် | • လူငယ်များသည်ပညာ | –ပေါင်းစည်းညှိနှိုင်းတိုင်ပင်တတ်သောနည်းစနစ်နှင့် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • လူမှုရေးကဏ္ဍများပါဝင်မှုခြင်း | စေလိုသောဆန္ဒရှိခြင်း | များလူငယ်များပါဝင်လှုပ်ရှားခြင်း | သော အရည်အချင်း များရှိလာအောင် | အရည်အချင်းနှင့်ပြည့်စုံသဖြင့်လူသားအရင်းအမြစ်များကိုကောင်းစွာအသုံးချနိုင်ခြင်း | လုပ်ထုံးလုပ်နည်းများအားနားလည်တတ်ကျွမ်းမှုရှိစေရန်စွမ်းဆောင်ရည်မြှင့်သင်တန်းများဖွင့်လှစ်ထားရှိခြင်း |
| | • အလုပ်အကိုင်မရှိခြင်း<br>• အချိန်ဖြုန်းနေမှုများနေခြင်း | • စက်ရုံအလုပ်ရုံများနှင့်ပုဂ္ဂိုလလုပ်ငန်းရှင်များမရှိမှုနှင့်အလုပ်လုပ်ကိုင်ရန်ရှားပါးခြင်းတို့ကြောင့်ဖြစ်သည်။ | • အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ပေးရန် | • လူငယ်များအားအလုပ်အကိုင်များရရှိအောင်ဖန်တီးမပေးနိုင်ခြင်း | • ကျေးလက်ဒေသများတွင်လူငယ်အလုပ်အကိုင်များရရှိအောင်စက်ရုံအလုပ်ရုံများတည်ဆောက်သင့်သည်။ | –မြို့ပြများတွင်အလုပ်အကိုင်ပေါများပြီးကျေးလက်နေပြည်သူများအလုပ်အကိုင်မရှိသဖြင့်မြို့ပြများကဲ့သို့ကျေးလက်တွင် စက်ရုံအလုပ်ရုံများ တည်ဆောက်ပေးသင့်သည်။ |
| | • အားကစားစည်းကမ်းလိုက်နာမှုမရှိခြင်း | • အားကစားနှင့်ဆိုင်သော ပစ္စည်းများလုံလောက်မှုမရှိ | • အားကစားကွင်းနှင့် အားကစားပစ္စည်းများလုံလောက်စွာထားရမည် | • လေ့ကျင့်မှုအားနဲခြင်း၊စည်းကမ်းလိုက်နာမှုအားနဲခြင်း၊စနစ်တကျလိုက်နာမှုမရှိ | လူငယ်များအားအားကစားကွင်းနှင့်အားကစားပစ္စည်းများလုံလောက်အောင်ထားရှိပြီးစည်းကမ်း | –အချင်းချင်းရိုင်းပင်းကူညီတတ်သော စိတ်ဓာတ်များရရှိလာအောင် သင်ကြားရန်လိုအပ်ပါသည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | တကျရှိလာအောင် သင်ကြားပေးခြင်း | |
| | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | • မူးယစ်ဆေးဝါးသုံးစွဲခြင်း<br>• ပတ်ဝန်းကျင်အားမလေးစားခြင်း | အလုပ်အကိုင်များရှားပါးခြင်းနှင့်မိမိတို့ပတ်ဝန်းကျင်တွင်မူးယစ်ဆေးဝါးရောင်းသူများပေါ<br>သဖြင့်အလွယ်တကူသုံးစွဲနိုင်ခြင်း | မူယစ်ဆေးဝါးကင်းစင်အောင်ဆောင်ရွက်ပေးပါကလူငယ်တို့၏ဘဝသာယာသည်သာမကလူငယ်တို့နှင့်သက်ဆိုင်သောမိသားစုပါ စိတ်ချမ်းသာရခြင်း | • ဥပဒေစိုးမိုးမှုမရှိသေးခြင်းလာဘ်ပေးလာဘ်ယူမှုများ အသက်ဝင်နေခြင်း | • လက်ရှိခေတ်စားနေသောမူးယစ်ဆေးဝါးများကိုအမြစ်ပြုတ်အောင်ရှင်းလင်းဆောင်ရွက်ခြင်းနှင့် လူငယ်များကို အလုပ်အကိုင်များရရှိအောင် ဖန်တီးဆောင်ရွက် | – လူငယ်တို့၏အားလပ်ချိန်တွင်မူးယစ်ဆေးဝါးများဝင်ရောက်လာပြီးထိုအားလပ်သည့် အချိန်တွင်လူငယ်များအလုပ်လုပ်ကိုင်နိုင်ရန်ဖန်တီးပေးခြင်းဖြင့်လူငယ်တို့၏ဘဝသည်ထွန်းတောက်လာပါလိမ့်မည်။ |
| | • ယဉ်ကျေးမှုနှင့်ဘာသာတရားများ ပျောက်ကွယ်လုနီးပါးရှိလာခြင်း<br>• စည်းကမ်းလိုက်နာမှုအားနဲခြင်း | အနောက်တိုင်းယဉ်ကျေးမှုများကိုမိမိတို့နိုင်ငံအနေနှင့်မကာကွယ်နိုင်သည့်အပြင် ထိုယဉ်ကျေးမှုနယ်ပယ်တွင်လူငယ်များအားအသုံးချခံနေရခြင်း | မိမိတို့ကိုးကွယ်ယုံကြည်သောယဉ်ကျေးမှုနှင့်ဘာသာတရားများကို ကာကွယ် ထိန်းသိမ်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန်။ | • မိမိတို့နိုင်ငံအတွင်းမရှိသောယဉ်ကျေးမှုနှင့်ဘာသာများကို နိုင်ငံတော်အစိုးရအဖွဲ့မှမတားဆီးနိုင်ခြင်း၊အလေးမထားခြင်းမျက်ကွယ်ပြုနေခြင်း | • သိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်နေသောမြန်မာယဉ်ကျေးမှုနှင့်ဘာသာတရားများကိုနေရာဒေသ အလိုက်အကောင်အထည်ဖော်နိုင်ရန် | – မြန်မာ့ဓလေ့၊အစဉ်အလာနှင့်မကိုက်ညီသောယဉ်ကျေးမှု၊ဘာသာများကိုမိမိတိုင်းရင်းသူတိုင်းရင်းသားများမကျင့်သုံးစေရန် လိုအပ်သောစည်းမျဉ်စည်းကမ်းများချမှတ်ပေးရန် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | အတွက်စီစဉ်ဆောင်ရွက်ပေးခြင်း | |
| ၄ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု** | | | | | |
| | • လျှပ်စစ်မီတာများ မတပ်ဆင်နိုင်ခြင်း<br>• မိမိဒေသတွင်အလုပ်များရှားပါးခြင်း | • အလုပ်အကိုင်များ ရှားပါးမှုတို့ကြောင့် ဝင်ငွေရလုပ်ကိုင်နိုင်သောပွဲရုံ၊စက်ရုံနှင့် လုပ်ငန်းရှင်များ မရှိခြင်း | • ရာသီအလိုက်နေ့စားခရရှိနိုင်သော လယ်ယာလုပ်ငန်းများရှိနေခြင်း | • ရရှိလာသောလုပ်အားခသည်မိသားစုဝမ်းစာကိုပြေလည်မှုရှိအောင် ဖန်တီးမပေးနိုင်ခြင်း | • ကုန်ဈေးနှုန်းများ လျော့ချပေးခြင်း လုပ်ခဈေးများမြှင့်တင်ပေးခြင်းပင် လွန်စွာပင်ဆင်းရဲသောအိမ်ထောင်စု နည်းပါးလာနိုင် ခြင်း | ခရီးထွက်၍အလုပ်များ ရှာဖွေခြင်းသည်မိမိ မိသားစု အရေးကိုစောင့်ရှောက်မှု အားနည်းနေသဖြင့် ငွေစု၊ ငွေချေးစနစ်များ ပြဋ္ဌာန်းဆောင်ရွက်ပေးရန် |
| | • ဈေးရောင်းဈေးဝယ်ပြုလုပ်ခြင်း<br>• ကုန်ကြမ်းများရရှိအောင်ဆောင်ရွက်ရာတွင်မလွယ်ကူခြင်း | • ပညာရေးနှင့်အသုံးစရိတ်များကိုပြေလည်ဖန်တီးရခြင်း | • ဒေသတွင်တောထွက်ရောင်းချစရာများထွက်ရှိနေခြင်း | • ငြိမ်းချမ်းရေးမရရှိမှုကြောင့်ရောင်းချရန်အထွက်ကုန်စည်များမရရှိခြင်း | • ဈေးရောင်းဈေးဝယ်ဖြင့်အသက်မွေးဝမ်းကျောင်းပြုနေရသဖြင့်အစားထိုးလုပ်ငန်းများဖန်တီးထားရှိခြင်း | ဈေးရောင်းဈေးဝယ်များပြုလုပ်ရာတွင်ဈေးတန်းနှင့်ဈေးနေရာများပေးခြင်းဖြင့် အခွန်ဘဏ္ဍာငွေများ ရရှိစေသည့်အပြင်စည်းကမ်းလိုက်နာမှုရှိအောင်နည်းပညာပေးသင့်ပါသည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • ကျန်းမာရေးချို့တဲ့ခြင်း<br>• ဒေသနှင့်ကိုက်ညီမှုမရှိခြင်း | • ခရီးထွက်၍ဝင်ငွေရှာဖွေရာဒေသတွင်ခြင်နှင့် မသန့်ရှင်းခြင်း | • ခရီးသွားလာရာတစ်လျှောက်တွင်ခြင်ထောင်နှင့်ဆေးများယူဆောင်ခြင်း | • အလုပ်လုပ်ရာဒေသတွင်ကျန်းမာရေးအတွက်ကုသရန်ဆေးနှင့်ဆေးခန်းများမရှိခြင်း | • ရောဂါလက္ခဏာများပေါ်ပေါက်ပါကနီးစပ်ရာဆေးပေးခန်းသို့ ပို့ဆောင်၍ဆေးကုသမှုခံယူခြင်း | အခွန်ဘဏ္ဍာများကောက်ခံရရှိသောစီးပွားလုပ်ငန်းနေရာ ဒေသများတွင်ကျန်းမာရေးဝန်ဆောင်မှုပေးရန် |
| | • အလုပ်လုပ်ကိုင်ချိန်<br>ထက်ပို၍လုပ်ဆောင်ရခြင်း<br>• အလုပ်သမားလူတန်းစားဟူသမျှအနှိမ်ခံနေရခြင်း | • အလုပ်ရှားပါးမှုကြောင့်လုပ်ငန်းရှင်၏သဘောကျလုပ်ဆောင် ပေးရခြင်း | • အလုပ်ချိန်ထက်ပိုသောအချိန်များကိုလုပ်ခများပိုပေးရန် | • လုပ်ငန်းကိုအကြောင်းပြု၍အခွင့်အရေးယူသောလုပ်ငန်းရှင်များရှိနေခြင်း | • အလုပ်ရှင်နှင့်အလုပ်သမားများသည်သဘောထားများကွဲလွဲမှုမရှိအောင် ညှိနှိုင်းရန် လိုအပ်နေခြင်း | လုပ်ငန်းအမျိုးအစားအလိုက်အလုပ်ချိန်များကိုသတ်မှတ်ပေးရန် လိုအပ်နေခြင်း |
| ၅ | **အမျိုးသမီးအုပ်စု** | | | | | |
| | • **ဆီးချို**<br>• **သွေးတိုး** | • ဓာတုဆိုးဆေးပါသောစားသောက်ကုန်များစားသုံးခြင်းနှင့်သဘာဝအသီးအနှံ့များရှားပါးလာခြင်း | • **ရောဂါဖြစ်မှကုသသည်ထက်မဖြစ်ခင်ကုသည်ကပိုမိုထိရောက်သည်သို့ပါ၍ကြိုတင်ကာကွယ်ဆေးထိုးနှံနပါမည်** | • အန္တရာယ်ဖြစ်စေသောစားသုံးကုန်များကိုမတားဆီးနိုင်ခြင်း | • **ကျန်းမာရေးအတွက်အန္တရာယ်ဖြစ်စေသောစိုက်ပျိုးရေးသုံးဆေးနှင့်ဓာတ်မြေဩဇာများကိုတားဆီးပိတ်ပင်ခြင်းများပြု** | ကျန်းမာရေးနှင့်ပတ်သက်သောပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် ရာသီအလိုက်ဖြစ်တတ်သောရောဂါများကိုကြိုတင်ကာကွယ်နိုင်ရန်နှိုးဆော်ခြင်းနှင့် ကာကွယ်ဆေး |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | **လုပ်ရန်** | များထိုးနှံခြင်း |
| | • **သောက်သုံးရေမသန့်ရှင်းခြင်း**<br>• **လေထုညစ်ညမ်းခြင်းနှင့်ပတ်ဝန်းကျင်မသန့်ရှင်းခြင်း** | • ရေစစ်ရေကန်များမရှိခြင်း | • **သောက်သုံးရေများကိုကျန်းမာရေးနှင့်အညီပြုလုပ်ရန်အသိပညာများပေးရမည်။** | • ကျေးလက်တောရွာတို့တွင်အတွေ့အကြုံနှင့်အသိပညာများနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။ | • **သောက်ရေသုံးရေတို့ကိုရေစစ်၊ရေကန်များပြုလုပ်ရမည်။** | ကျန်းမာရေးနှင့်ပတ်သက်သောပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်ရာသီအလိုက်ဖြစ်တတ်သောရောဂါများကိုကြိုတင်ကာကွယ်နိုင်ရန်နှိုးဆော်ခြင်းနှင့်ကာကွယ်ဆေးများထိုးနှံခြင်း |
| | • **အမျိုးသမီးများစုစည်းမှုမရှိခြင်း**<br>• **ပုဂ္ဂိုလ်ရေးအမြင်ရှိခြင်း** | • တစ်ဦးနှင့်တစ်ဦးပွင့်လင်းမြင်သာအောင်ဆောင်ရွက်မှုမရှိခြင်း<br>• အတွေးအခေါ်နည်းသဖြင့်လူကြီးများကလည်း စည်းလုံးဆောင် ရွက်ပေးနိုင်မှုမရှိခြင်း အားနာမှုရှိခြင်း | • **စုပေါင်းဆောင်ရွက်လိုကြသည်။**<br>• **ဘက်လိုက်မှုမရှိခြင်းကိုလိုလားကြသည်။** | • **ဂုဏ်ထုဂုဏ်ပြိုင်ရှိနေခြင်း**<br>• **မာနထားရှိခြင်းနှင့်ကိုယ့်ကိုကိုယ်အထင်ကြီးခြင်း** | • **တစ်ဦးနှင့်တစ်ဦးနားလည်မှုပေးခြင်း**<br>• **မှန်ကန်သောနည်းလမ်းများကို ချမှတ်ပေးခြင်း** | အသိဉာဏ်ပညာနည်းသောကျေးလက်ဒေသရှိအမျိုးသမီးများကိုဉာဏ်အလင်းပေါက်မြောက်မှုရှိအောင်စာပေဟောပြောပွဲများနှင့်ဗဟုသုတများကို ရရှိလာအောင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • **အင်အားပြိုင်ခြင်း**<br>• **ဦးဆောင်ဦးရွက်မှုနည်းခြင်း** | • ဦးဆောင်မှုတွင်အားနည်းခြင်းခေါင်းဆောင်ကောင်းလိုအပ်ခြင်း<br>• ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း<br>• မိမိနှင့်မဆိုင်ဟုဆိုကာခေါင်းရှောင်ခြင်း | • **ခေါင်းဆောင်ကောင်းကိုတင်မြှောက်လိုကြသည်။**<br>• **အဆင့်အတန်းခွဲခြား ဆက်ဆံမှုကိုမလိုလားခြင်း** | • **တစ်ဦးနှင့်တစ်ဦးအင်အားပြိုင်နေခြင်းထက်ပါတီစွဲနေသောလူအဖွဲ့အစည်းများရှိနေခြင်း** | • **ပါတီကွဲသော်လည်းကျေးရွာရှိလူထုများမကွဲပြားသွားအောင်ကိုယ်ကျင့်တရားနှင့်အကျင့်စာရိတ္တများထိန်းသိမ်းရန် လိုခြင်း** | လူထုအကျိုးတော်ဆောင်ခေါင်းဆောင်များသည်ဘက်လိုက်မှုမရှိအောင်ထိန်းသိမ်းခြင်းနှင့်လာဘ်ပေးလာဘ်ယူမှုများမရှိအောင်ထက်ကင်းကင်းရှင်းရှင်းဆောင်ရွက်ရန် |

# ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက ကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊